မြန်မာ့အလင်း

၁၂၅၁ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ ၂၀၀၈ခုနှစ်၊ မတ် ၁၈ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၇၀)

(၆၃)နှစ်မြောက်တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြု

ပုသိမ်၌ ကျေးလက်ကျောက်ချောလမ်းနှင့် ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် မတ် ၁၇

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်း ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးသော သစ်ပုတ်ကုန်း-ကွင်းပေါက်ကြီး ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၁၇ ရက် နံနက် ၇ နာရီခွဲတွင် အဆိုပါမုခ်ဦးနေရာ၌ ကျင်းပရာ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့ တက်ရောက်ကြပြီး ကျောက်ချောလမ်းသစ်တစ်လျှောက် ကြည့်ရှုစစ်ဆေးကြသည်။ **စာမျက်နှာ ၁၃ ကော်လံ ၁**

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့ ပုသိမ်မြို့ တိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ရုံးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲတွင် ကတ္တရာလမ်းကို ဖြတ်သန်းကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၈ ခုနှစ် မတ် ၁၅ ရက်တွင် (၁၁)ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သမ္မတအဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခြင်းခံရသည့် မစ္စတာ ဟူကျင်တောင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ ၂၀၀၈ ခုနှစ် မတ် ၁၅ရက်တွင် (၁၁)ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် မစ္စတာ ရှီကျင်ဖျင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရနှင့် အကျိုးကျေးဇူးများ

ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို ကြားသိရသူတိုင်း ဝမ်းသာအားရ ရှိနေကြပါသည်။ မြန်မာနိုင်ငံအပေါ် စိတ်ရင်းစေတနာမှန်ထားရှိကြသည့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် မိတ်ဆွေနိုင်ငံများကလည်း မှန်ကန်သောခြေလှမ်းများအဖြစ် ကြိုဆိုထောက်ခံနေကြပါသည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရုံးကပင် မူဝါဒလမ်းစဉ်(၇)ရပ် ဖော်ဆောင်မှု၌ အချိန်ဇယားချမှတ်ပေးခြင်းဖြစ်သည့်အတွက် ကြိုဆိုအသိအမှတ်ပြုလျက်ရှိသည်။ ခြုံ၍ဆိုရလျှင် ဒီမိုကရေစီလမ်းကြောင်းမှန်အတိုင်း လျှောက်လှမ်းနေသော မြန်မာ့နိုင်ငံရေးခရီး၏ ခြေလှမ်းများကို ဒီမိုကရေစီအမှန်တကယ်လိုလားသူတိုင်းက ကြိုဆိုထောက်ခံနေကြခြင်း ဖြစ်ပေသည်။

စိုးမြကျော်၏ ဆောင်းပါး (စာ ၈၊ ၉) တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မတ် ၁၈ ရက်)

နိုင်ငံ့အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေး စီးပွားရေးမူဝါဒနှင့်အညီ ကြိုးပမ်းဖော်ဆောင်

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသူနိုင်ငံသားတိုင်း လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး စီးပွားရေးမူဝါဒများ၊ အမျိုးသား စီးပွားရေးစီမံကိန်းများ ချမှတ်ဖော်ဆောင်လျက် ရှိသည်။

နိုင်ငံတော်၏ ပထဝီအနေအထားအရ တစ်ဆင့်ဖြတ်သန်း ကုန်သွယ်မှု၊ ပြည်ပသို့ ပြန်လည်တင်ပို့မှုလုပ်ငန်းများသာမက ကုန်သွယ်မှု ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်အတွက်ပါ ဖန်တီးပေးထားသဖြင့် ကုန်သည်လုပ်ငန်းရှင်များ ရည်မှန်းချက် ပြည့်မီအောင်မြင်ရေး ကြိုးပမ်းလုပ်ကိုင်ကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကြီး ရှင်သန်တိုးတက်လျက်ရှိနေခြင်းသည် နိုင်ငံတော်အတွက် အားထားရမည့် အကျိုးစီးပွား စွမ်းအားစုတစ်ရပ် ခိုင်မာစည်းဖြစ်တည်နေမှုကို ဖော်ညွှန်းပြနေခြင်းပင် ဖြစ်သည်။

ပို့ကုန်သွင်းကုန် စိစစ်တင်သွင်းပို့ဆောင်မှုအပိုင်း၊ ဘဏ္ဍာငွေကြေးအပိုင်း၊ ကုန်ပစ္စည်းပို့ဆောင် တင်သွင်းထုတ်ယူမှုအပိုင်း စသည်တို့ကို မြန်ဆန်ချောမွေ့စေရေး ဆောင်ရွက်ပေးခဲ့ရာ ကုန်သွယ်မှုလုပ်ငန်းများ နှစ်စဉ်ပိုငွေပြနေပြီ ဖြစ်သည်။ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့်အညီ မိမိတို့၏ စီးပွားရေးလုပ်ငန်းများ အမြင်ကျယ်စွာ တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်မှုလုပ်ငန်း ကျယ်ပြန့်လာမည် ဖြစ်သည်။

ပြည်ပသို့ ပို့ကုန်များတင်ပို့ရာတွင် အရေအတွက်သာမက နိုင်ငံတကာစံချိန်စံညွှန်း အရည်အသွေး တိုးတက်ကောင်းမွန်ပြီး ဈေးနှုန်းကောင်းစွာရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကလည်း အသင်းဝင်များ စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ အမြဲမပြတ်သိရှိစေရေး ဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သည် တစ်မျိုးသားလုံး ရေရှည်အကျိုးဖြစ်ထွန်းရေးကို မျှော်မှန်းပြီး စီးပွားရေးမူဝါဒများနှင့်အညီ မှန်ကန်စွာ ကြိုးပမ်းဖော်ဆောင်ခြင်းဖြင့် နိုင်ငံ့အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဦးဝင်းအားရည်စူး၍ အင်းစိန်မြို့နယ် အရှေ့နံ့သာကုန်း မင်္ဂလာလမ်းနေ ဒေါ်မြမြခင်နှင့် သားသမီး၊မြေးများက ကြေးပြားလေးချပ်နှင့် သား ဦးနေမျိုးဝင်း-ဒေါ်သီတာဂီဝဏ္ဏ၊ မြေး မောင်ကောင်းဇံဝင်း(ခေတ္တစင်ကာပူ)က ကြေးပြားတစ်ချပ် ကြေးပိဋကတ်သုတ္တန္တပိဋကဝင် မဇ္ဈိမပဏ္ဏာသပါဠိတော် စုစုပေါင်း ကြေးပြားငါးချပ် တန်ဖိုးငွေကျပ် ၁၂၅၀၀၀ကို လှူဒါန်းရာ ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (က-ပ)

အမှတ် (၈) ၈၉လမ်း ကန်တော်ကလေး မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးတင်ရှိန်-ဒေါ်သန်းသန်းအေး၊ ညီမ ဒေါ်သန်းသန်းချို မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် နှစ်သိန်းငါးသောင်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

မိုးကုတ် ဝိပဿနာ တရားစခန်း

ရန်ကုန် မတ် ၁၇

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ဒေးပေါက် စံပြကျေးရွာ ဒေးပေါက်တောင်ကျောင်း၌လေးကြိမ်မြောက် မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းပြန့်ပွားရေးအဖွဲ့ချုပ်၏ နယ်လှည့်သာသနာပြု ဓမ္မကထိက ကမ္မဋ္ဌာနာစရိယဘဒ္ဒန္တဇနိန္ဒ(လှိုင်ကော်ဆရာတော်)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပာဒ်နှင့်သစ္စာလေးပါး တရားတော်များကို မတ် ၂၃ ရက်မှ ၃၀ရက်အထိ ခုနစ်ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်း ဝင်လိုသော ယောဂီများနှင့် လှူဒါန်းမှုအစုစု လှူဒါန်းလိုသော စေတနာရှင်များသည် မတ် ၂၂ ရက် နောက်ဆုံးထား၍ ဒေးပေါက်တောင်ကျောင်း ဖုန်း-၃၉၀၄၄၉သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သကျမာရ်ဇိန်သွန်းဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၁၇

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ သကျမာရ်ဇိန်သွန်းဘုရားကြီး၏ (၈၄) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကို မတ် ၁၄ရက် နံနက်ပိုင်းက ဘုရားမုခ်ဦးရှေ့၌ ကျင်းပသည်။(အောက်ပုံ)

သကျမာရ်ဇိန်သွန်းဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်ကို (တပေါင်းလဆန်း ၈ရက်မှ တပေါင်းလပြည့်နေ့)အထိ ဇာတ်ပွဲများ၊ ကြည့်ချင်ပွဲများနှင့် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ မြို့နယ်အသီးသီးမှ ဈေးဆိုင်ခန်း ၄၄၉ဆိုင် လာရောက်ရောင်းချကြပြီး နယ်ခံဈေးသည်များ၊ အညာကုန်ပစ္စည်းများဖြင့် အထူးစည်ကားကြောင်း သိရသည်။ **(သတင်းစဉ်)**

ဘူမိဗေဒ ကျောင်းသား ကျောင်းသူဟောင်းများ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၇

မော်လမြိုင်တက္ကသိုလ် ၂၀၀၂-၂၀၀၃ ဘူမိဗေဒ ကျောင်းသားကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဧပြီ၁ရက် (အင်္ဂါနေ့) ညနေ၃နာရီတွင် မော်လမြိုင် ဈေးကြို ရပ်ရှိ ဟုန်စံစီဘုရားကျောင်း၌ ကျင်းပမည်ဖြစ်ရာ အဝေးရောက် အပူဇော်ခံ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူဟောင်းများ ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် ဧနီလှိုင်ဦး ဖုန်း-၀၅၇-၇၀၁၈၃၊ မဇာဇာသွယ်ဇင် ဖုန်း-၀၅၇-၂၇၅၉၅၊ အောင်မင်းစိုး ဖုန်း-၀၅၇-၂၇၀၃၄နှင့် ဌေးလွင်အောင် ဖုန်း-၀၉-၅၃-၂၀၈၂၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဖြူးမဟာစည် ယဉ်ကျေးမှု သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၁၇

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၅) ရပ်ကွက် ကမာရွတ်ဘူတာ နောက်ကျောဘက် ဖြူးဆရာတော်ကြီး သီတင်း သုံးတော်မူရာ ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာတွင် စတုတ္ထအကြိမ် ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းကို မတ် ၂၀ရက်မှ ၂၉ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ တက်ရောက်လိုသူများသည် ဖုန်း-၅၃၀၀၆၈၊ ၅၀၁၈၄၆နှင့် လိုင်းခွဲ ၁၈၁ တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၁၈-၃-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄:၁၅	၄။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၂၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၅:၃၅	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၃။	ဝတ်စားဆင်ယင်လှစေချင်
၆:၄၅	၁၄။	လျှပ်တစ်ပြက်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း-၄၇)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မွေးမြူသုတ
	၂၀။	ဗွီစီဒီကျော်ကြားတေးများ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စည်းခြားထားသောအချစ်** (အပိုင်း-၁၅)

တရားပွဲများကျင်းပမည်

သဒ္ဓမ္မပါလ ဓနုဖြူတိုက်သစ်ကျောင်း

တောင်ဥက္ကလာပမြို့နယ် (၁၄/၂)ရပ်ကွက် ဇင်ယော်လမ်း သဒ္ဓမ္မပါလ ဓနုဖြူတိုက်သစ်ကျောင်း၌ အကြိမ်(၃၀)မြောက် ဝိပဿနာခုနစ်ရက် တရားစခန်းကို ၂၀၀၈ခုနှစ် ဧပြီ၁ရက်မှ ဧပြီ ၁၇ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ ယင်းတရားစခန်းပွဲတွင် သစ္စာဒီပက ဆရာကြီးဦးကြည်၏ ဥပနိဿယအတိုင်း ကျောင်းတိုက်၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ အရှင်သာသန (သာသနဓဇ ဓမ္မာစရိယ)က ဓမ္မာနုပဿနာသတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်ပြီး ယောဂီဦးရေ ကန့်သတ်ထားသဖြင့် တရားစခန်းဝင်ရောက်ရန် စာရင်းပေးထားသော ယောဂီများသာ ဧပြီ ၁၀ရက် ညနေ ၆နာရီအရောက် ကြွရောက်ပါရန် နှိုးဆော်ထားသည်။

အောင်စကြာဆရာတော်အရှင်စန္ဒသိရီ

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ရိပ်သာကြီး၏ ပြည်တွင်း ပြည်ပ သာသနာပြု ဓမ္မကထိက မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နာယကနှင့် ကမ္မဋ္ဌာနာစရိယ အောင်စကြာဆရာတော် အရှင်စန္ဒသိရီ (ဓမ္မာစရိယ)သည် မတ်၁၉ရက် မွန်းလွဲ ၁နာရီတွင် ဒေးဒရဲမြို့နယ် ရှမ်းစုကျေးရွာ ဓမ္မသဘင်၊ ၂၂ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) (၅၀)ရပ်ကွက် သာသနာ့ရောင်ခြည်ဓမ္မာရုံ ဆွမ်းဆန်စိမ်းလောင်းလှူပွဲဓမ္မသဘင်၊ ၂၃ရက်တွင် ရန်ကုန်တိုင်း တွံတေးမြို့နယ် ချောင်းဝိုင်းကြီး ကျွန်းကလေးချောင်းဖျားကျေးရွာ ဦးထွန်းရီ ဒေါ်သင်းကြည်မိသားစုတို့၏ သိက္ခာထပ် ရဟန်းခံ ရှင်ပြုအလှူ မင်္ဂလာမဏ္ဍပ်သဘင်၊ ၂၆ ရက်တွင် သာကေတမြို့ ၁/အနော်မာရပ်ကွက် ဦးလှဌေး-ဒေါ်ခင်ဆွေဝင်းမိသားစုတို့၏ သိက္ခာထပ် ရဟန်းခံ ရှင်ပြု အလှူမင်္ဂလာမဏ္ဍပ်ဓမ္မသဘင်၊ ၂၈ရက်တွင် သာကေတမြို့ ၆/ရပ်ကွက် ရွှေပြည်သာလမ်း နှစ်ကျိပ်ရှစ်ဆူဘုရားပွဲဓမ္မသဘင်၊ ၃၁ရက်တွင် သာကေတမြို့ ၇/ရပ်ကွက် နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ ဓမ္မသဘင်၊ ဧပြီ ၁၊ ၂၊ ၃ ရက်များတွင် မွန်ပြည်နယ် မုဒုံမြို့ ဘုရားဒါယကာ၊ ကျောင်းဒါယကာကြီး ဦးရိန်မိသားစုတို့၏ အထူးဓမ္မသဘင်၊ ၆ရက်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့ ဘိုရားကြီးကျေးရွာ ဦးစိန်မြင့်-ဒေါ်ခင်မာစိုး မိသားစုတို့၏ သိက္ခာထပ် ရဟန်းခံရှင်ပြု အလှူမင်္ဂလာမဏ္ဍပ် ဓမ္မသဘင်တို့၌ သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ပြီး ဆရာတော်နှင့် ဆက်သွယ်လိုပါက ဖုန်း- ၅၄၇၀၂၈ နှင့် ၀၉-၅၁-၄၇၃၈၂တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

မြတ်တံခွန်စာသင်တိုက်

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီးမြောက်ပိုင်းရပ်ကွက် ရွှေဂုံတိုင်လမ်း လိပ်ပြာကန်တိုက်အတွင်းရှိ မြတ်တံခွန်စာသင်တိုက် ဆရာတော် ဘဒ္ဒန္တတေဇဝန္တ သာသနဓဇ ဓမ္မာစရိယက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဧပြီ၂ရက်မှစ၍ ဟောကြားချီးမြှင့်မည်ဖြစ်သည်။

ဒုလ္လဘ၊ ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်လိုသူများနှင့် တရားစခန်းဝင်လိုသူ ယောဂီများသည် ဧပြီရက်တွင် စတင်စာရင်းပေးသွင်းနိုင်၍ ဧပြီ၁ရက်တွင် ကျောင်းသို့ကြိုတင်ရောက်ရှိရမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

လေ့ကျင့်ရေးအလယ်တန်းကျောင်း(ရန်ကင်းပညာရေးကောလိပ်) ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၇

လေ့ကျင့်ရေး အလယ်တန်းကျောင်း (ရန်ကင်းပညာရေးကောလိပ်) ယခင်အလက(၁)ရန်ကင်းကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် စုပေါင်း အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၂ရက် (တန်ဆောင်မုန်းလပြည့်နေ့)တွင်ကျင်းပရန် စီစဉ်လျက်ရှိရာ ငွေအား၊ လူအား၊ အကြံဉာဏ်အားဖြင့် ဝိုင်းဝန်းဖြည့်ဆည်း ကူညီလိုသူ ဤကျောင်းတွင် ပညာဆည်းပူးခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် (ဆရာမ) ဒေါ်ခင်စန်းမြင့်(ကျောင်း)ဖုန်း-၅၆၁၅၆၅၊ (အိမ်)ဖုန်း-၅၅၅၁၈၀ လိုင်းခွဲ-၂၆၁၊ ကိုပြည့်ဖြိုးဝေ ဖုန်း-၀၉-၅၁-၆၉၆၉၁၊ ကိုမောင်မောင်ဝေ ဖုန်း-၀၉-၅၁-၀၆၈၄၀၊ ကိုကျော်ကျော်လွင်၊ ကိုမြတ်ဝင်းအောင် ဖုန်း-၀၉-၅၁-၆၉၅၇၅၊ ကိုမိုးကျော်အောင် ဖုန်း-၀၉-၅၁-၉၆၅၈၁၊ ၀၉-၉၉-၇၄၁၆၉၊ ကိုစိုးမင်း ဖုန်း-၀၉-၅၃-၂၀၆၅၄ နှင့် ကိုထိန်လင်းအောင် ဖုန်း-၀၉-၅၀-၀၆၀၆၂ တို့သို့ ဆက်သွယ်ကြရန်နှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီရုံးခန်း တည်ရှိရာ ယခင်အလက(၁) ရန်ကင်းကျောင်းတွင် နေ့စဉ် နံနက်၉နာရီမှ ၁၁နာရီအတွင်း လူကိုယ်တိုင် ဝင်ရောက်စုံစမ်းနိုင်ပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နံနက် ၉နာရီမှ ၁၁နာရီအတွင်း ကျင်းပမြဲဖြစ်သော စုပေါင်းအစည်းအဝေးသို့ ပါဝင်တက်ရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၈-၃-၂၀၀၈ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ ရင်းငြိမ်ရေထိန်းတံခါး
- ၇:၄၅ ၅။ **ပေါင်ပေါ်ကျတဲ့မီး** ရဲအောင်၊ ထွန်းထွန်းနိုင်၊ ညီညီမင်းထက်၊ ဘုန်းလျှံ၊ ဟန်နီထွန်း၊ ဝိုင်းစုခိုင်သိန်း၊ (ဒါရိုက်တာ-မောင်မောင်မြင့်လွင်၊ မင်းအုပ်စိုး)
- ၈:၀၀ ၆။ တေးဂီတအစီအစဉ်
- ၈:၁၅ ၇။ မြန်မာမှုပန်းဆယ်မျိုး (ပန်းထိမ်)
- ၈:၂၀ ၈။ (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
- ၄:၂၅ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
- ၄:၄၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၅၀ ၅။ အတီးပြိုင်ပွဲ
- ၅:၀၀ ၆။ တေးဂီတအစီအစဉ်
- ၅:၁၀ ၇။ ဆိုကြမယ် ပျော်ကြမယ်
- ၅:၅၀ ၈။ (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၅၀ ၁၂။ သုတစုံလင် ရွှေဉာဏ်ရှင်
- ၇:၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တယ်.... ချစ်တယ်** (အပိုင်း-၉)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်း
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ သူရွှေသီရာ တေးကဗျာ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာမျှဉ်းပြိုင်** (အပိုင်း-၁၃)
- ၁၉။ အစီအစဉ်ပြီး၏။

အမေရိကန်နိုင်ငံနေ ဒါယကာ ဒါယိကာမများ၏ ပင့်ဖိတ်လျှောက်ထားချက်အရ အရှင်ရာဇိန္ဒ (ရဝေနွယ်-အင်းမ)ဆရာတော် မတ်၁၆ရက် နံနက်က လေကြောင်းခရီးဖြင့် ကြွရောက်တော်မူရာ လေဆိပ်၌ ဆရာတော်၏ တပည့်ဒါယကာ ဒါယိကာမများက လိုက်ပါပို့ဆောင်နှုတ်ဆက်ကြစဉ်။ (က-ပ)

စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးမြင့် ခရိုင်ချင်းဆက်လမ်းများ ဖောက်လုပ်နေမှုကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် မတ်၁၁ရက် နံနက်ပိုင်းက ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီမြို့နယ် လက်ယာတူးမြောင်းတံတားရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးတို့က ၂၀၀၇-၂၀၀၈ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ပေ၈၀အထက် တံတား၁၇စင်း၊ ပေ၈၀အောက် တံတားအစင်း၅၀၊ ရေပြွန်၈၄စင်းနှင့် ရေကျော်၁၆ခု ဆောင်ရွက် ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်သည် ခရိုင်ချင်းဆက် လမ်းတစ်လျှောက် ဖြတ်သန်းကြည့်ရှုပြီး မင်းလှမြို့နယ် ဝံကိုက်ချောင်းတံတား ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။ ဝံကိုက်ချောင်းတံတားမှာ အရှည်ပေ ၁၂၀၊ အကျယ်၁၅ပေ၊ အမြင့်၁၈ပေရှိ သစ်သားတံတားဖြစ်သည်။

ငါးမြွေဇင်းတံတား

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် မတ်၁၂ရက် နံနက်ပိုင်းတွင် အုတ်ဖိုမြို့နယ်၊ ဇီးကုန်းမြို့နယ်၊ နတ်တလင်းမြို့နှင့် ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့များက ခရိုင်ချင်းဆက်လမ်း အပိုင်းလိုက် ဆောင်ရွက်ပြီးစီးမှုများအား စစ်ဆေးခဲ့ပြီး ပေါက်ခေါင်းမြို့နယ် ငါးမြွေဇင်းတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ငါးမြွေဇင်းတံတားမှာ အရှည်ပေ၂၂၀၊ အကျယ်၁၅ပေ၊ အမြင့် ၂၈ပေရှိ သစ်သားတံတားဖြစ်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် ခရိုင်ချင်းဆက်လမ်း အမှတ်(၁) တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက အပိုင်းလိုက် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။

ဆောင်ရွက်ပြီးစီး

စည်ပင်သာယာရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း အမှတ်(၁)တွင် ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ အနေဖြင့် ၂၀၀၇-၂၀၀၈ခု ဘဏ္ဍာရေးနှစ်အထိ ကျောက်ချောလမ်း ၁၂၆မိုင် ၅ဖာလုံ၊ ပေ၈၀အထက် တံတား၁၇စင်း၊ ပေ၈၀အောက် တံတားအစင်း၅၀ စုစုပေါင်း တံတား၆၇စင်းနှင့် ရေပြွန် ၈၄စင်း၊ ရေကျော်၁၆ခု ဆောင်ရွက်ပြီးစီးပြီး မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ အနေဖြင့် ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်အထိ ကျောက်ချောလမ်း ၇၄မိုင် ၆ဖာလုံ ဆောင်ရွက်ပြီးစီးခဲ့ကာ ၂၀၀၇-၂၀၀၈ခု ဘဏ္ဍာရေးနှစ်အတွင်း လမ်းအရှည် ၁၅မိုင် ၇ဖာလုံအား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုးနဝင်းရွှေစေတီ ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် မတ် ၁၇

ရန်ကုန်တိုင်း တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ဈေးသစ်ရပ်ကွက် အနော်ရထာလမ်းအတွင်း တည်ထားကိုးကွယ်တော်မူသော ကိုးနဝင်းရွှေစေတီဗုဒ္ဓပူဇနီယပွဲတော်ကို တပေါင်းလပြည့်နေ့တွင် စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

တပေါင်းလဆန်း ၁၄ရက် ညနေ ၃နာရီတွင် ဆွမ်းတော်ကြီးပွဲများ ကပ်လှူပြီး တပေါင်းလပြည့်နေ့ နံနက် အရုဏ်ဆွမ်းတော်ကြီးကပ်လှူခြင်း၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တဦးကုသလ ဆရာတော်အမှူးရှိ သံဃာတော်အရှင်သူမြတ်များအား ဆွမ်း၊ ခဲဖွယ်၊ ချိုချဉ်များ ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြို့တော်အသင်း(ရန်ကုန်) ဂုဏဝိသိဋ္ဌ ပူဇာသဘင်

ရန်ကုန် မတ် ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၈ ခုနှစ်တွင် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ခုနစ်ပါးအား ဂုဏပူဇော်ပွဲကို မြို့တော်အသင်း (ရန်ကုန်) က မတ်၂၂ရက် (စနေနေ့) ညနေ ၃နာရီတွင် အမှတ် ၁၃၀ ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းထောင့် ဗဟန်းမြို့နယ် ယုဇနစင်တာဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသားများ၊ မြို့နယ်သူမြို့နယ်သားများ တက်ရောက်ကြရန်နှင့်လှူဖွယ်ပစ္စည်းများကို မြို့တော်အသင်း (ရန်ကုန်) ဖုန်း-၂၂၄၃၄၀နှင့် ၂၁၂၈၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ခရီးသွားနှင့် ကုန်စည်ပို့ဆောင်မှုလုံခြုံရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် မတ် ၁၇

ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစေရေး၊ ကုန်စည်စီးဆင်းမှု လုံခြုံချောမွေ့စေရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးအောင်သွင်နှင့် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်မောင်သိန်းတို့ ဦးဆောင်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး(အဝေးပြေး)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့(ယာဉ်ထိန်း)တို့ ပူးပေါင်းပါဝင်သောအဖွဲ့သည် မန္တလေး-မတ္တရာလမ်းဆုံ အောင်မြေသာစံမြို့နယ် ရွှေကျင်ဂိတ်တွင် မတ် ၁၂ရက်၌ ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များကို စစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)** ယင်းသို့စစ်ဆေးရာ၌ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ သတ်မှတ်ချက်နှင့် ညီညွတ်မှုရှိ/မရှိ၊ ကုန်ပစ္စည်းများတင်ဆောင်မှုနှင့် ထုပ်ပိုးမှုတွင် အန္တရာယ်ကင်းအောင် ဆောင်ရွက်နိုင်မှု ရှိ/မရှိ၊ ယာဉ်သက်တမ်းများ ကျော်လွန်ခြင်း ရှိ/မရှိ၊ ပြေးဆွဲနေသည့်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ပြေးဆွဲမောင်းနှင်နိုင်မှုအခြေအနေ ရှိ/မရှိ၊ လုပ်ငန်းလိုင်စင်များ ရှိ/မရှိ၊ သတ်မှတ်ခရီးစဉ်ဖြင့် ပြေးဆွဲမှု ရှိ/မရှိတို့ကို စစ်ဆေးပြီး စည်းကမ်းနှင့်အညီ မောင်းနှင်ရေး၊ ခရီးသည်များအား အန္တရာယ်ကင်းအောင် ပို့ဆောင်နိုင်ရေး၊ ကုန်ပစ္စည်းများအား လုံခြုံချောမွေ့စွာ သယ်ဆောင်နိုင်ရေးတို့အတွက် စစ်ဆေးပညာပေးဆောင်ရွက်ခဲ့ပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူးရုံး (မန္တလေး)မှ အန္တရာယ်ကင်းရှင်းစွာ သွားလာမောင်းနှင်နိုင်ရေးအတွက် လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့သည်။ ထိုသို့ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် ပူးပေါင်းအဖွဲ့ဖြင့် အပတ်စဉ် စစ်ဆေးဆောင်ရွက်မှုများကြောင့် ခရီးသွားယာဉ်များနှင့် ကုန်တင်ယာဉ်များ ပိုမို၍စည်းကမ်းတကျဖြစ်လာကြောင်း သတင်းရရှိသည်။ **(က-ပ)**

အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့တွင် ကားတစ်စီး မတော်တဆမှု ဖြစ်ပွားပြီးနောက် မီးလောင်နေသည်ကို မတ် ၁၅ရက်က တွေ့ရစဉ်။
(ဓာတ်ပုံအင်တာနက်)

ရီပတ်ဘလီကင် သမ္မတလောင်း မစ္စတာမက်ကိန်း တာဝန်ရှိသူများနှင့်တွေ့ဆုံရန် အီရတ်သို့ အမှတ်မထင်သွားရောက်

ဘဂ္ဂဒက် မတ် ၁၇

အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းသည် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့သို့ သွားရောက်ရန် ကြေညာခြင်းမရှိဘဲ အမှတ်မထင်သွားရောက်ခဲ့ကြောင်း မတ် ၁၆ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

တွေ့ဆုံ

မစ္စတာမက်ကိန်းသည် နိုဝင်ဘာလ သမ္မတရွေးကောက်ပွဲအတွက် ရီပတ်ဘလီကင် ပါတီမှ သမ္မတလောင်းအဖြစ် ရွေးချယ်ခံထားရသူဖြစ်သည်။ ၎င်းသည် အီရတ်သို့ ရောက်ရှိစဉ်အတွင်း အမေရိကန်နှင့် အီရတ်တာဝန်ရှိသူများနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ကျူးကျော်တိုက်ခိုက်

မစ္စတာမက်ကိန်းသည် ယခုသီတင်းပတ်အတွင်း လန်ဒန်၊ ပါရီနှင့် အစ္စရေးသို့ သွားရောက်ရန် စီစဉ်ထားကြောင်း သိရသည်။ အီရတ်သို့ မစ္စတာမက်ကိန်း သွားရောက် လည်ပတ်မှုသည် ၂၀၀၃ ခုနှစ်မှ စ၍ အမေရိကန်တို့ ကျူးကျော် တိုက်ခိုက်ခဲ့ပြီးနောက် ရှစ်ကြိမ်မြောက် အဖြစ် သွားရောက်လည်ပတ်ခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

ရီပတ်ဘလီကင် သမ္မတလောင်း ဂျွန်မက်ကိန်း

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ်၌ လေဆင်နှာမောင်းတိုက်ခတ် ဟိုတယ်နှင့် မိုးပျံတိုက်များ ပြိုလဲပျက်စီးခဲ့

အတ္တလန္တာ မတ် ၁၇

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် အတ္တလန္တာမြို့၌ မတ် ၁၅ ရက်က လေဆင်နှာမောင်း တိုက်ခတ်ပြီးနောက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ် အခြေအနေ ကြေညာထားရသည်။

အတည်ပြု

ယင်းလေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ဂျော်ဂျီယာပြည်နယ် အရှေ့တောင်ပိုင်းပေါ့ခ်ဒေသနှင့်ဖလွိုက်ဒေသတို့၌ လူတစ်ဦးစီသေဆုံးခဲ့ကြောင်း အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့က အတည်ပြု ပြောကြားသည်။

ပြိုလဲပျက်စီး

အဆိုပါ လေဆင်နှာမောင်းသည် မတ်၁၄ရက်က ယင်းဒေသ၌ တစ်နာရီလျှင် မိုင် ၁၃၀ နှုန်းဖြင့် တိုက်ခတ်ခဲ့ရာ အနည်းဆုံးလူ ၃၀ ဒဏ်ရာရရှိပြီး ဟိုတယ်များ၊ မိုးပျံတိုက်များနှင့် အားကစားအဆောက်အအုံများ(ယာပုံ) ပြိုလဲ ပျက်စီးသွားသည်။

ပြတ်တောက်

မုန်တိုင်းကြောင့် ဓာတ်အားလိုင်းများ ပြတ်တောက်ခဲ့၍ ပြည်သူများ မတ် ၁၆ရက်အထိ လျှပ်စစ်ဓာတ်အား မရရှိဘဲ ဖြစ်နေသည်။

ပြောကြား

ယင်းမုန်တိုင်းကြောင့်အမေရိကန်ဒေါ်လာသန်း၂၀၀ ဖိုး ဆုံးရှုံးခဲ့ကြောင်း ဂျော်ဂျီယာပြည်နယ် အုပ်ချုပ်ရေးမှူး ဆိုနီပါဂျူးက ပြောကြားသည်။ **(အင်တာနက်)**

မနီလာနှင့် တရုတ်မြို့ကြီးများအကြား ဖိလစ်ပိုင်လေကြောင်း ပျံသန်းပြေးဆွဲ

ချုံကျင်း မတ် ၁၇

ဖိလစ်ပိုင်လေကြောင်းလိုင်း (ပီအေအယ်လ်)သည် တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ ချုံကျင်းမြို့သို့ ဖိလစ်ပိုင်နိုင်ငံမြို့တော် မနီလာမှ မတ် ၁၄ရက်တွင် စတင်ပျံသန်းပြေးဆွဲခဲ့သည်။

အဆိုပါ ဖိလစ်ပိုင်လေကြောင်းလိုင်းသည် အပတ်စဉ် အင်္ဂါနေ့နှင့် သောကြာနေ့တိုင်း အဲဘတ်စ်အေ-၃၂၀လေယာဉ်ဖြင့် စတင်ပျံသန်း ပြေးဆွဲခဲ့သည်။

ပြောကြား

မနီလာမြို့နှင့် ချုံကျင်းမြို့အကြား ပျံသန်းမှုခရီးကြာချိန်မှာ သုံးနာရီခွဲဖြစ်သည်။ လေယာဉ်လက်မှတ်ခမှာ အသွားအပြန်ခရီးအတွက် ယွမ် ၁၄၀၀ (အမေရိကန် ဒေါ်လာ၁၉၇ဒေါ်လာ) ကျသင့်ကြောင်း ပီအေအယ်လ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခင်က တရုတ်ခရီးသွားများသည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့သို့ လာရောက်ရာတွင် ဟောင်ကောင်မှတစ်ဆင့် သွားနေရသည်။ ယခုအခါ တိုက်ရိုက် လေကြောင်းလိုင်း ဖွင့်လှစ်ပျံသန်းပြေးဆွဲနိုင်ပြီဖြစ်၍ ခရီးသွားများအတွက် လွယ်ကူအဆင်ပြေမှုရှိလာမည်ဖြစ်ကြောင်း ပီအေအယ်လ်က ပြောကြားသည်။

ပျံသန်းပြေးဆွဲ

ယင်းလေကြောင်းလိုင်းသည် မနီလာမြို့နှင့် အခြားတရုတ်မြို့ကြီးများဖြစ်သည့် ပေကျင်း၊ ရှန်ဟိုင်း၊ ရှီအန်းနှင့် ဟောင်ကောင်တို့အကြား ပျံသန်းပြေးဆွဲပေးလျက် ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အဝလွန်သူ ရင်သားကင်ဆာ ဝေဒနာရှင်များ ရောဂါပျံ့နှံ့မှု မြန်ဆန်ပြီး စောစီးစွာသေဆုံးနိုင်

ဝါရှင်တန် မတ် ၁၇

အဝလွန်ပြီး ရင်သားကင်ဆာ ဖြစ်ပွားနေသော အမျိုးသမီးများသည် ရောဂါကို ပိုမိုဆိုးရွားစေပြီး သေဆုံးမှုမြန်ဆန်ကြောင်း အမေရိကန်သုတေသနပညာရှင်များက မတ် ၁၄ရက်တွင် ပြောကြားသည်။

ကင်ဆာဖြစ်ပွား

ရင်သားကင်ဆာသည် အသက်အန္တရာယ်များသော ကင်ဆာအမျိုးအစားဖြစ်သည်။ လှို့ဆော်ဖြစ်ပွားစေသော ကင်ဆာအဖြစ် လူသိများကြသည်။ အဝလွန်သော လူနာများတွင် ရင်သားကင်ဆာဖြစ်ပွားသူ ၄၅ ရာခိုင်နှုန်း တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အဝလွန်သူများတွင် ရင်သားကင်ဆာ ၃၀ရာခိုင်နှုန်းဖြစ်ပွားလျှင် သာမန်ကင်ဆာဖြစ်ပွားသူများတွင် ၁၅ရာခိုင်နှုန်း တွေ့ရသည်ဟု ဆိုသည်။

အဝလွန်မှုများလေ ရောဂါဖြစ်ပွားနှုန်း မြန်ဆန်လေဖြစ်ကြောင်း တက္ကဆက် တက္ကသိုလ်ကင်ဆာဌာနမှ ဒေါက်တာမက်စီနီခရစ္စတိုဖာနီလီက ပြောကြားသည်။

ဆိုးရွား

မိမိတို့ သုတေသနအဖွဲ့သည် အဆီတစ်သျှူးများကို လေ့လာခဲ့ရာ ရောင်ရမ်းမှုများက ရောဂါဖြစ်ပွားမှုကို ပို၍ဆိုးရွားစေနိုင်ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါ သုတေသနအဖွဲ့သည် ရင်သားကင်ဆာဖြစ်ပွားနေသော အမျိုးသမီး ၆၀၆ဦးအား လေ့လာခဲ့သည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဟာသအမောပြေ

သေချာပါတယ် . . .

အသက်၆၀ အရွယ်ရှိ ဗေဒင်ဆရာတစ်ဦးထံသို့ အမျိုးသမီးတစ်ဦး ရောက်ရှိလာပြီး ဗေဒင်မေးလေသည်။

ဗေဒင်မေးသူ။ ။ကျွန်မ အခက်အခဲတွေနဲ့ ရင်ဆိုင်နေရပါတယ်။
ဗေဒင်ဆရာ ။ ။မစိုးရိမ်ပါနဲ့။
ဗေဒင်မေးသူ။ ။ကျွန်မမှာ အကြွေးတွေဆပ်ဖို့ ငွေအများကြီး လိုနေပါတယ်။
ဗေဒင်ဆရာ ။ ။ဒါလဲ မစိုးရိမ်ပါနဲ့။ နောက်ထပ် ၁၀နှစ်မှာ ခင်ဗျား ကမ္ဘာပေါ်မှာ အချမ်းသာဆုံး သူဌေးကြီး ဖြစ်မှာ သေချာပါတယ်။
ဗေဒင်မေးသူ။ ။တကယ်လားဆရာ... ဝမ်းသာလိုက်တာ ဆရာရယ်။

ဗေဒင်လာမေးသူပြန်သွားသောအခါ တပည့်ဖြစ်သူက....

တပည့် ။ ။ဆရာပြောတဲ့အတိုင်း ၁၀နှစ်အတွင်းမှာ အဲဒီအမျိုးသမီး တကယ်သူဌေးဖြစ်မှာလား။
ဗေဒင်ဆရာ ။ ။အဲဒီအချိန်ဆို ငါလဲမရှိတော့ပါဘူး။
တပည့် ။ ။"ဗျာ"

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ
တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ဗုံးပေါက်ကွဲ

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့၏အရှေ့တောင်ဘက် ၁၀၅မိုင်အကွာ ကွတ်မြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ် ၁၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ပန်းချီစုတ်တံ

တရုတ်နိုင်ငံ နန်ချန်မြို့ ရင်ပြင်၌ ဝမ်ကျန်အမည်ရှိ တရုတ်အမျိုးသားတစ်ဦးက အရှည် ၃ ဒသမ ၈ မီတာရှိပြီး အလေးချိန် ၅၄ ကီလိုဂရမ်ရှိသော စုတ်တံကြီးဖြင့် ပန်းချီရေးဆွဲနေသည့်မြင်ကွင်းကို မတ် ၁၆ရက်က ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

အရွယ်တူ ငါး

နယူးဇီလန်နိုင်ငံ မြောက်ပိုင်း ကမ်းလွန်ပင်လယ်ပြင်၌ဖမ်းဆီးရမိသော အရွယ်တူ ငါးနှစ်ကောင်မှာကီလိုဂရမ်၁၁၀စီရှိရာကမ္ဘာပေါ်၌အရွယ်တူအကြီးဆုံး ငါးနှစ်ကောင်ဖြစ်ကြောင်း ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)



ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁၇-၃-၂၀၀၈

အစ္စရေးရဟတ်ယာဉ်တစ်စင်း ပါလက်စတိုင်းတို့ ပစ်ခတ်

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတို့၏ရဟတ်ယာဉ်တစ်စင်းကို ပါလက်စတိုင်းလက်နက်ကိုင်တို့က ပစ်ခတ်ခဲ့ကြောင်း အစ္စရေးအရာရှိများက ပြောကြားသည်။

ထိုသို့ပစ်ခတ်မှုကြောင့် ရဟတ်ယာဉ်ကိုထိမှန်ခဲ့ရာ အစ္စရေးနိုင်ငံ အခြေစိုက်လေတပ်စခန်းသို့ ပြန်လည်ပျံသန်းခဲ့ရကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ထိုင်းတောင်ပိုင်း၌ ကားဗုံးဖောက်ခွဲတိုက်ခိုက်

ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တနီပြည်နယ်၌ ကားဗုံးဖောက်ခွဲမှု ဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး ၁၂ ဦးခန့် ဒဏ်ရာရရှိခဲ့သည်။

အခင်းဖြစ်ပွားမှုမှာ ပတ္တနီပြည်နယ်ဆိုင်ရာ ဘူရီခရိုင်ရှိ စီအက်စ်ပတ္တနီဟိုတယ်အနီး၌ ကားဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

တရုတ်၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ် တောင်ပိုင်းဒေသများ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားလျက်ရှိကြောင်း တရုတ်စိုက်ပျိုးရေးဝန်ကြီးဌာနမှ အရာရှိများက ပြောကြားသည်။

ရောဂါဖြစ်ပွားသည့်နေရာမှာ ကွမ်တုန်ပြည်နယ် ကွမ်ကျိုးမြို့ ဆင်ခြေဖုံးအရပ်၌ဖြစ်ပြီး ကြက်ဘဲကောင်ရေ ၆၀၀ ကျော် သုတ်သင်ရှင်းလင်းခဲ့ရသည်။

မြောက်ကိုရီးယားရထားလမ်း ရုရှားအဆင့်မြှင့်ပေးမည်

ရုရှားနှင့်မြောက်ကိုရီးယားတို့အနေဖြင့် ရထားလမ်းများ အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ပူးတွဲဆောင်ရွက်သွားရန် သဘောတူညီမှုရရှိခဲ့ပြီ ဖြစ်ကြောင်း ရုရှားအရာရှိများက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံမှ ကာဆန်-ရာဂျင် မီးရထားလမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်းကို ဆောင်ရွက်ရန် ရုရှားကိုယ်စားလှယ်အဖွဲ့ မြောက်ကိုရီးယားအရာရှိများနှင့် တွေ့ဆုံဆွေးနွေးပြီး သဘောတူညီမှုရရှိခဲ့ခြင်း ဖြစ်သည်။

အာဖဂန်ရှိ ဆက်သွယ်ရေးကွန်ရက်များ ပျက်စီး

အာဖဂန်နစ္စတန်တွင် တာလီဘန်လက်နက်ကိုင်များ တိုက်ခိုက်မှုကြောင့် အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဒေသအချို့တွင် မိုဘိုင်းလ် ဖုန်းဆက်သွယ်ရေးကွန်ရက်များ ပျက်စီးခဲ့ကြောင်း အာဖဂန်နစ္စတန်မှ ဆက်သွယ်ရေးအရာရှိများက ပြောကြားသည်။

ထိုသို့ဖြစ်ရခြင်းမှာ တာလီဘန်လက်နက်ကိုင်များက အာဖဂန်နစ္စတန်တောင်ပိုင်းရှိ ဆက်သွယ်ရေးတာဝါတိုင် ၁၀ တိုင်ခန့် ဖျက်ဆီးခဲ့ခြင်းကြောင့် ဖြစ်သည်ဟု ၎င်းအရာရှိများက ပြောကြားသည်။

အင်ဒိုနီးရှား၌ ရဟတ်ယာဉ်ပျက်ကျ

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့အနီး အင်ဒိုနီးရှား စစ်ဘက်လေ့ကျင့်ရေးရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့ကြောင်း အင်ဒိုနီးရှားလေကြောင်းအရာရှိများက ပြောကြားသည်။ အဆိုပါလေယာဉ်သည် ပွန်ဒေါက်လေဆိပ်မှ ဂျကာတာမြို့သို့ ပျံသန်းလာစဉ် ယခုကဲ့သို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။

သီရိလင်္ကာမြောက်ပိုင်း၌ တိုက်ပွဲများဖြစ်ပွား

သီရိလင်္ကာမြောက်ပိုင်း၌ အစိုးရတပ်ဖွဲ့များနှင့် တမီးလ် ကျားသူပုန်တို့ တိုက်ပွဲ ဆက်လက်ဖြစ်ပွားကြောင်း သီရိလင်္ကာအစိုးရ အရာရှိများက ပြောကြားသည်။

ထိုသို့ တိုက်ပွဲဖြစ်ပွားမှုကြောင့် တမီးလ်ကျားသူပုန် ၁၀ ဦးခန့် သေဆုံးခဲ့ကြောင်း၊ တမီးလ်ကျားသူပုန်တို့၏ လှုပ်ရှားမှုများကို မိမိတို့ ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း ၎င်းတို့ကပြောကြားသည်။

နိုင်ဂျီးရီးယား-ကင်မရွန်းဆက်ဆံရေး ပြန်ထူထောင်

နိုင်ဂျီးရီးယားနှင့် ကင်မရွန်းနှစ်နိုင်ငံတို့သည် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် သဘောတူညီလိုက်ကြသည်။

နှစ်နိုင်ငံအငြင်းပွားနေသော ဘာကာစီကျွန်းဆွယ်ကိစ္စအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ခဲ့ပြီး ဆက်ဆံရေးကောင်းမွန်ရန် ဆွေးနွေးနိုင်ခဲ့ကြသည်။

ကမ္ဘာ့စွမ်းအင်ကိုချုပ်ကိုင်ရန် မျှော်မှန်းနေသော ကာတာနိုင်ငံ

သတင်းအကျဉ်း

ကာတာနိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသရှိ ပါရှန်ပင်လယ်ကွေ့ အနောက်ဘက်ကမ်းရိုးတန်း၏ ကျွန်းဆွယ်ပေါ်တွင် တည်ရှိသည်။ ပုလဲငုပ်ခြင်းနှင့် ငါးဖမ်းခြင်းဖြင့် အသက်မွေးခဲ့ရပြီး တစ်ချိန်က ပင်လယ်ကွေ့နိုင်ငံများတွင် အဆင်းရဲဆုံး နိုင်ငံဖြစ်ခဲ့သည်။ သို့သော် ယခုအခါတွင်မူ ၁၉၄၀ ပြည့်လွန်နှစ်များကတည်းက ရေနံနှင့်သဘာဝဓာတ်ငွေ့ထွက်ရှိမှုကြောင့် ဒေသတွင်း၌ အချမ်းသာဆုံး နိုင်ငံဖြစ်လာသည်။

တည်ဆောက်

ကျတ်တီးမြေအများဆုံး ဖုံးအုပ်လျက်ရှိသည့် ကာတာနိုင်ငံသည် ၁၉၇၁ ခုနှစ်တွင် ဗြိတိသျှကိုလိုနီလက်အောက်မှ လွတ်လပ်ရေးရရှိခဲ့သည်။ ၁၇၀၀ ပြည့်လွန် နှစ်များတွင် ဤနေရာဤဒေသသို့ ပြောင်းရွှေ့အခြေချလာသူများက ကာတာ နိုင်ငံ၏ ကမ်းခြေတစ်လျှောက်တွင် ပုလဲငုပ်ခြင်း၊ ငါးဖမ်းခြင်းဖြင့် အသက် မွေးဝမ်းကျောင်းပြုသည်။ ၁၈၆၇ ခုနှစ်တွင် အိမ်နီးချင်း ဘာရိန်နိုင်ငံနှင့် စစ်ဖြစ်သဖြင့် ဒိုဟာမြို့မှလွဲ၍ အားလုံးပျက်စီးကုန်သည်။ ၁၈၇၁ခုနှစ်မှ၁၉၁၃ ခုနှစ်အထိ တူရကီအော်တိုမန်တပ်များက ကာတာစော်ဘွား၏ ဖိတ်ကြားချက် အရ ခံတပ်တည်ဆောက်သည်။

ဆောင်ရွက်

၁၉၃၉ ခုနှစ်တွင် ရေနံသိုက်ကို ရှာဖွေတွေ့ရှိခဲ့သည်။ သို့သော် ဒုတိယကမ္ဘာစစ်ကြီးကြောင့် မတူးယူသေးပေ။ မည်သို့ပင်ဖြစ်စေ ကာတာနိုင်ငံ၏ အဓိကဝင်ငွေကိုပုလဲငုပ်ခြင်း၊ငါးဖမ်းခြင်းမှ ရေနံရောင်းငွေသို့ ပြောင်းလဲသွားစေသည်။ ၁၉၅၀ ပြည့်လွန်နှစ်များတွင် ရေနံမှရရှိငွေများဖြင့် ကာတာနိုင်ငံ၏ အခြေခံအဆောက်အအုံကို တိုးချဲ့ပြီး ခေတ်မီအောင်ဆောင်ရွက်သည်။ ၁၉၇၁ ခုနှစ် စက်တင်ဘာ၃ရက်တွင် လွတ်လပ်ရေးရရှိသည်။ ၁၉၉၅ ခုနှစ်တွင် ကာတာစော်ဘွားခါလီဖာဘင်ဟာမက်အယ်သာနီ ပြည်ပသို့ ရောက်ရှိခိုက် သားဖြစ်သူ ရှိတ်ဟာမက်က အာဏာသိမ်းလိုက်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် အာဏာသိမ်းရန်ကြိုးပမ်းမှုကို ရှိတ်ဟာမက်က ဖယ်ရှားနိုင်ခဲ့သည်။ အာဏာသိမ်းပြီးသည့်တိုင် စစ်ဦးစီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး တာဝန်တို့ကိုပါ ဆက်လက် ထိန်းထားပြီး ကာတာနိုင်ငံ၏ စစ်တပ်ခေတ်မီတိုးတက်ရေးကို ကြီးကြပ်ဆောင်ရွက်ပေးသည်။

အသုံးပြု

၂၀၀၃ ခုနှစ် မတ်လမှ ဧပြီလအထိ ကာတာနိုင်ငံ၌ အခြေစိုက်သည့် အမေရိကန်အလယ်ပိုင်း ရှေ့တန်းစစ်ဌာနချုပ်ကို အမေရိကန်ဦးဆောင်သည့် အီရတ်စစ်ပွဲအတွက် ဗဟိုဌာနအဖြစ်အသုံးပြုသည်။

ဖြစ်လာ

ရှိတ်ဟာမက်လက်ထက် နိုင်ငံရေးတွင် ပိုမိုပွင့်လင်းမှုရှိရန် စီစဉ်ဆောင်ရွက်သည်။ ရေနံထွက်ရှိမှုကြောင့် ကာတာနိုင်ငံသည် ဒေသတွင်းတွင် အချမ်းသာဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်လာသည်။ စီးပွားရေးလုပ်ငန်းတွင် တစ်မယ်ကောင်းမဟုတ်ဘဲ အမျိုးမျိုးပြောင်းလဲထုတ်လုပ်မှုကို အားပေးဆောင်ရွက်လာသည်။ နိုင်ငံရေးပွင့်လင်းမှု ပိုရှိလာသည့်နည်းတူ ပွင့်လင်းသော အယ်ဂျာဇီရာဂြိုဟ်တုဆက်သွယ်ရေး ရုပ်မြင်သံကြားဌာနကို ထူထောင်သည်။ ဤဌာနက လူအများစိတ်ဝင်စားမှု ခံရသကဲ့သို့ အိမ်နီးချင်းနိုင်ငံအချို့၏ မလိုမုန်းထားမှုကိုပါ ခံရသည်။ ကာတာနိုင်ငံမှ အယ်ဂျာဇီရာရုပ်မြင်သံကြားဌာနသည် အာရပ်ကမ္ဘာတွင် အရေးကြီးဆုံးသော ရုပ်မြင်သံကြားဌာနတစ်ခု ဖြစ်လာသည်။

ကျတ်တီးမြေအများဆုံး ဖုံးအုပ်လျက်ရှိသည့် ကာတာနိုင်ငံသည် ၁၉၇၁ ခုနှစ်တွင် ဗြိတိသျှ လက်အောက်မှ လွတ်လပ်ရေးရရှိသည်။ ၁၇၀၀ ပြည့်လွန်နှစ်များတွင် ဤနေရာဤဒေသသို့ ပြောင်းရွှေ့အခြေချလာသူများက ကာတာနိုင်ငံ၏ ကမ်းခြေတစ်လျှောက်တွင် ပုလဲငုပ်ခြင်း၊ ငါးဖမ်းခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသည်။

ကျင်းပ

လူဦးရေ ၈၄၁၀၀၀ ရှိသည့် ကာတာနိုင်ငံတွင် ၁၉၉၉ ခုနှစ်က အဖွဲ့ဝင် ၂၉ဦးပါဝင်သည့် မြူနီစီပယ်ကောင်စီ ရွေးကောက်ပွဲကျင်းပခဲ့သည်။ ထိုအခါ အမျိုးသမီးများအား ပထမဆုံးမဲပေးခွင့်နှင့် ပါဝင်ယှဉ်ပြိုင် အရွေးခံခွင့်ပေးလိုက်သည်။

အထောက်အပံ့

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ခွင့်ပြုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၅ ခုနှစ် ဇွန်လတွင် စတင် အသက်သွင်းလိုက်သည်။ ကာတာနိုင်ငံမှာ လူဦးရေနည်းသည့် နိုင်ငံဖြစ်သည်။ ဆောက်လုပ်ရေးလုပ်ငန်းများ တစ်ဟုန်ထိုး တိုးချဲ့ပြုပြင်တည်ဆောက်သည့်အတွက် အလုပ်သမားများ အပါအဝင် နိုင်ငံခြားသားများ ရောက်ရှိလာခဲ့သဖြင့် ယခုအခါ နိုင်ငံခြားသားဦးရေက နိုင်ငံသားဦးရေထက်ပင် ကျော်လွန်နေပြီဖြစ်သည်။ ရေနံမှ ဝင်ငွေအလျှံပယ်ရသည့်အလျောက် ဘက်စုံအကျိုးဝင်သည့် ပြည်တော်သာနိုင်ငံအဖြစ်သို့ ပြည့်ပြည့်စုံစုံ ရောက်ရှိနေပြီဖြစ်သည်။ ဝန်ဆောင်မှုလုပ်ငန်း အများအပြားမှာ အခမဲ့ သို့မဟုတ် အစိုးရအထောက်အပံ့ များစွာရရှိသည်။

မျှော်မှန်း

ကမ္ဘာပေါ်ရှိ သေချာပေါက်ထွက်ရှိမည့် ဓာတ်ငွေ့သိုက်၏ ၁၅ ရာခိုင်နှုန်းကျော်ကို ကာတာနိုင်ငံက ပိုင်ဆိုင်ထားသည်။ မျက်မှောက်ခေတ်တွင် တစ်ကမ္ဘာလုံးဆိုင်ရာ ဓာတ်ငွေ့စွမ်းအင်လုပ်ငန်းကို ဦးစီးချုပ်ကိုင်ရန် ကာတာနိုင်ငံက ဦးတည်မျှော်မှန်းထားသည်။ ။ **(ကိုးကား-အင်တာနက်)**

တိုး-ရေးသားသည်

ဘာဝဒေသနာ အမြင်

* ***Be sparing of speech, and things will come right of themself.***

  စကားကို ဆင်ဆင်ခြင်ခြင် ထိန်းထိန်းသိမ်းသိမ်းပြောပါက အရာရာ အဆင်ပြေနိုင်မည်သာ။

  လောင်ရှီး

  (အတွေးအခေါ်ပညာရှင်)

* ***The truest wisdom, in general, is a resolute determination.***

  အစစ်မှန်ဆုံးသော ဉာဏ်ပညာသည် ပြတ်သားခိုင်မာသော ဆုံးဖြတ်ချက်ပင် ဖြစ်သည်။

  နပိုလီယန်

  (ပြင်သစ်ဧကရာဇ်)

ပင်ဆယ်ဗေးနီးယားအကြိုရွေးကောက်ပွဲမတိုင်မီ ပြိုင်ဘက် ဟီလာရီနှင့်အိုဘားမား အပြန်အလှန်ပုတ်ခတ်

ဝါရှင်တန် မတ် ၁၇

ဒီမိုကရက်တစ်ပါတီမှ ပြိုင်ဘက် ဟီလာရီနှင့်အိုဘားမားတို့သည် ဧပြီ ၂၂ရက်တွင် ပြုလုပ်မည့် အရေးပါသောပင်ဆယ်ဗေးနီးယားပြည်နယ် အကြိုရွေးကောက်ပွဲ မတိုင်မီ တစ်ဦးနှင့်တစ်ဦး ဝေဖန်ပုတ်ခတ်မှုများ ပြုလုပ်လာကြသည်။

ဟီလာရီကလင်တန်(ဝဲ)နှင့် အိုဘားမား

ချီကာဂိုလုပ်ငန်းရှင် တိုနီရက်ကိုနှင့်အိုဘားမားတို့၏ ဆက်ဆံရေးကိစ္စ၊ ဟီလာရီကလင်တန်၏အခွန်တော်ငွေ မှတ်တမ်းတို့နှင့်ပတ်သက်၍ အပြန်အလှန် မေးခွန်းထုတ်နေကြသည်။

ဝေဖန်တိုက်ခိုက်

သမ္မတရွေးကောက်ပွဲ အနိုင်ရလျှင် ပထမဆုံး လူမည်းသမ္မတဖြစ်လာမည့် အိုဘားမားနှင့် သမ္မတရွေးကောက်ပွဲအနိုင်ရလျှင် အမေရိကန်နိုင်ငံ၏ ပထမဆုံး အမျိုးသမီးသမ္မတဖြစ်လာမည့် ဟီလာရီကလင်တန်တို့သည် ယခုအခါ သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်သမ္မတလောင်း ဖြစ်ရေးအတွက် အကြိုရွေးကောက်ပွဲ ရလဒ်တွင် အပြတ်အသတ် မဖြစ်သေးသည့်အလျောက် အကြိတ်အနယ် မဲဆွယ်ကာ တစ်ဖက်နှင့်တစ်ဖက် ဝေဖန်တိုက်ခိုက်နေကြခြင်း ဖြစ်သည်။

မေးခွန်းထုတ်

လုပ်ငန်းရှင် တိုနီရက်ကိုက စောစောပိုင်း စည်းရုံးလှုပ်ရှားမှုတွင် အမေရိကန်ဒေါ်လာ ၂၅၀၀၀၀ အထိ ထည့်ဝင်ပေးလှူကြောင်း အိုဘားမားက ထုတ်ဖော်ကြေညာလိုက်သောအခါ ယခင်ကထက် ထည့်ဝင်ငွေများစွာ ပိုနေခြင်းကို ဟီလာရီဘက်က ထောက်ပြမေးခွန်း ထုတ်လိုက်သည်။

ထုတ်ပြန်ကြေညာ

ထိုအခါ ဟီလာရီအနေဖြင့် အခွန်တော်စည်းကြပ်ရန် တင်ပြထည့်ဝင်ငွေစာရင်းနှင့် အခြားအချက်အလက်များကို ထုတ်ပြန်ကြေညာပေးရန် အိုဘားမားဘက်က တုံ့ပြန်ထောက်ပြလိုက်ပြန်သည်။

ဝေဖန်

တစ်ဖန် အိုဘားမားသည် တိုနီရက်ကိုနှင့်ဆက်ဆံရေးကိစ္စတွင် ဖြောင့်မတ်မှု မရှိကြောင်း ဟီလာရီဘက်က ဝေဖန်လိုက်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီဂျစ်လူ့အခွင့်အရေး အမေရိကန်ဝေဖန်မှု ပကတိအခြေအနေကို လျစ်လျူပြုခြင်းဖြစ်

ကိုင်ရို မတ် ၁၇

အီဂျစ်နိုင်ငံ၏ လူ့အခွင့်အရေး မှတ်တမ်းအပေါ် ဝေဖန်ထားသည့် အမေရိကန်အစိုးရ၏ အစီရင်ခံစာနှင့်ပတ်သက်၍ အီဂျစ်နိုင်ငံက မတ် ၁၄ ရက်တွင် ဝေဖန်လိုက်သည်။

ဥပေက္ခာပြု

အမေရိကန်အစီရင်ခံစာမှာ ဘက်လိုက်မှုများယွင်းစွာ ဖော်ပြထားသည့်ပြင် လူဦးရေအထူထပ်ဆုံး အာရပ်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် မိမိတို့နိုင်ငံ၏ လူမှုရေး ပကတိ အခြေအနေကိုလည်း ဥပေက္ခာပြုဖော်ပြထားခြင်းဖြစ်သည်ဟု ဝေဖန်လိုက်သည်။

တုံ့ပြန်

အီဂျစ်နိုင်ငံက အတိုက်အခံအဖွဲ့ဝင်များကို ဖမ်းဆီးအရေးယူမှုအပေါ် စိုးရိမ်မိကြောင်း၊ အမေရိကန်သမ္မတ အိမ်ဖြူတော်ကြေညာချက်တွင် ဖော်ပြထားခြင်းမှာ အမေရိကန်နိုင်ငံအနေဖြင့် အီဂျစ်နိုင်ငံနှင့် ပတ်သက်၍ နားမလည်နိုင်သေးကြောင်း ထင်ဟပ်ဖော်ပြနေသည်ဟုလည်း အီဂျစ်နိုင်ငံက တုံ့ပြန်လိုက်သည်။

အမ်အင်န်အေ၊ရိုက်တာ

နယူးယောက်၌ ကရိန်းပြိုကျ အနည်းဆုံး လေးဦးသေဆုံး

နယူးယောက် မတ် ၁၇

နယူးယောက်မြို့ မန်ဟတ်တန်အရပ်၌ မတ် ၁၆ရက်က ၂၅ထပ်အဆောက်အအုံ ဆောက်လုပ်နေရာတွင် ဆောက်လုပ်ရေး ကရိန်းတစ်ခု လဲပြိုကျခဲ့ရာ အနည်းဆုံး လူလေးဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိသွားကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

ဒဏ်ရာရရှိ

သေဆုံးသူအားလုံးမှာ ဆောက်လုပ်ရေးအလုပ်သမားများ ဖြစ်ကြပြီး အချို့ဒဏ်ရာရရှိသူများမှာ စိုးရိမ်ရသည့် အခြေအနေရှိကြောင်း မြို့တော်ဝန် မိုက်ကယ်ဘလွန်းဘတ်က ပြောကြားသည်။

ပျက်စီး

အဆိုပါ ကရိန်းမှာ နှစ်ပိုင်းပြတ်ထွက်သွားကြောင်း၊ အနီးရှိအဆောက်အအုံ သုံးလုံး ပျက်စီးသွားကြောင်း၊ စတုတ္ထမြောက် အဆောက်အအုံမှာ လုံးဝ ပျက်စီးသွားကြောင်း ဘလွန်းဘတ်က ပြောကြားသည်။

ဖွင့်လှစ်ထား

ယင်းပျက်စီးသွားသည့် အဆောက်အအုံသည် ငါးထပ်အဆောက်အအုံဖြစ်ပြီး အောက်ဆုံးထပ်တွင် နာမည်ကြီး ဘားဆိုင်တစ်ဆိုင် ဖွင့်လှစ်ထားသည်။

အဆိုပါ ဖြစ်ပွားရာ နေရာသို့ မီးသတ်တပ်ဖွဲ့ဝင် ၃၀၀၊ ရဲအရာရှိ ၁၅၀နှင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ဝင်တို့က အပျက်အစီးများကြားမှ ထိခိုက်ဒဏ်ရာရသူများကို ဆက်လက်ရှာဖွေလျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မီးလောင်မှုဖြစ်

ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ ရေခဲသေတ္တာ ထုတ်လုပ်သည့်စက်ရုံ မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေသည်ကို မတ် ၁၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်စစ်ပွဲ ငါးနှစ်မြောက် အထိမ်းအမှတ် ဗြိတိန်၌ စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲများကျင်းပ

လန်ဒန် မတ် ၁၇

အီရတ်စစ်ပွဲစတင်သည့် ငါးနှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲကို ဗြိတိန်နိုင်ငံ၌ မတ် ၁၅ရက်ကကျင်းပစဉ် ထောင်ပေါင်းများစွာသောပြည်သူတို့ ပါဝင်ချီတက် ဆန္ဒပြကြသည်။

တောင်းဆို

လန်ဒန်မြို့နှင့် စကော့တလန်ပြည်နယ် ဂလပ်စဂိုမြို့ လမ်းမကြီးများပေါ်သို့ စုရုံးရောက်ရှိလာကြသည့် စစ်ဆန့်ကျင်ရေး ဆန္ဒပြသူများက အီရတ်နှင့် အာဖဂန် နစ္စတန်တို့မှ ဗြိတိန်တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းပေးရန် တောင်းဆိုကြသည်။

စစ်ရေးကျူးကျော်

စစ်ရပ်စဲရေး လှုံ့ဆော်မှုမဟာမိတ်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ပေါလ်ကောလင်းက အီရတ်နိုင်ငံအား စစ်ရေးကျူးကျော်ပြီး ငါးနှစ်အကြာတွင် ကမ္ဘာကြီးမှာ ပိုမိုအန္တရာယ်များသည့် အခြေအနေသို့ ဆိုက်ရောက်လာကြောင်း ပြောကြားလိုက်သည်။

ဖော်ပြ

အီရတ်ကို ကျူးကျော်သည့်အတွက် ပြည်သူတစ်သန်းခန့်အထိ အကြမ်းဖက်ခံရပြီးသေဆုံးကြကြောင်း ၎င်းတို့က ဖော်ပြသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ အီရတ်စစ်ဆန့်ကျင်ရေး ဆန္ဒပြနေသည်ကို မတ် ၁၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပါလီမန်ကို သဘောထားတင်းမာသူများ ထိန်းချုပ်မည့်ကိစ္စ အီရန် ပါလီမန်ရွေးကောက်ပွဲရလဒ်အချို့ပြသ

တီဟီရန် မတ် ၁၇

အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်နှင့် သဘောထားတင်းမာသော မဟာမိတ်များက အီရန်ပါလီမန်တွင် ထိန်းချုပ်ထားနိုင်လိမ့်မည်ဖြစ်ကြောင်း အီရန်ပါလီမန်ရွေးကောက်ပွဲ ရလဒ်အချို့က ပြသနေသည်။

သို့သော် သမ္မတအား ဝေဖန်သူ ကွန်ဆာဗေးတစ်များကလည်း ရွေးကောက်ပွဲတွင် နေရာအများအပြား ရရှိထားသည်။

အောင်မြင်အနိုင်ရ

ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်သူ အများအပြား တားမြစ်ခံရသည့် ပြုပြင်ပြောင်းလဲရေး ဝါဒီများအနေဖြင့်လည်း ရွေးကောက်ပွဲ၌ အောင်မြင်အနိုင်ရရှိသည်ဟု ပြောကြားသည်။

ပြောကြား

ပါလီမန်အမတ်နေရာ ၂၉၀ရှိသည့်အနက် အမတ် ၁၅၈နေရာကို ယခုအထိ မဲရေတွက်ရရှိသည်ဟု အေပီက ဖော်ပြသည်။ ၎င်းတို့တွင် သမ္မတကိုလိုလားသူများက ၅၇နေရာ၊ ပြုပြင်ရေးသမားများက ၂၄နေရာနှင့် ကွန်ဆာဗေးတစ်များက အမတ်နေရာ ၄၀ဖြစ်ပြီး ကျန်၃၇နေရာတွင် တစ်သီးပုဂ္ဂလများက ရရှိကြောင်း ပြောကြားသည်။

(အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

ရီးရဲမက်ဒရစ်က ငွေတွေပုံပေးနေတဲ့ ဒိုလေး

လန်ဒန် မတ် ၁၇

ကမ္ဘာပေါ်မှာ ပရီမီယာလိဂ်လောက် စိတ်လှုပ်ရှားဖွယ်ကောင်းတဲ့ လိဂ်ပြိုင်ပွဲမရှိသလို အဲဒီပရီမီယာလိဂ်မှာမှ မန်ယူအသင်းလောက် ပရိသတ်အားပေးမှုခံရတဲ့အသင်းလည်း မရှိပါဘူး။ အဲဒီမန်ယူအသင်းမှာမှ ကမ္ဘာ့ ဘောလုံးပရိသတ်တွေ စိတ်လှုပ်ရှားဖွယ်ဖြစ်အောင် ကစားနိုင်တဲ့ စီရိုနယ်ဒိုလို ပါရမီရှင်ကစားသမားတစ်ဦးရှိနေတာကလည်း မန်ယူအသင်းအတွက် အဖိုးတန်လက်ဆောင်ကောင်းတစ်ခု ရရှိထားသလိုပါပဲ။

ဂိုးပေါင်း ၃၀သွင်းမယ်

တိမ်းမူးဖွယ်ရာ ကစားပုံတွေနဲ့ တစ်ဖက်နောက်ခံလူတွေကို မြန်နှုန်းမြင့် ကျော်ဖြတ် ဂိုးသွင်းမှုတွေကြောင့် ဒီနှစ်ဘောလုံးရာသီအစမှာ သူကြွေးကြော်ခဲ့သလို ဂိုးပေါင်း ၃၀သွင်းမယ်ဆိုတဲ့ စကားအတိုင်း လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့တာမို့ စီရိုနယ်ဒိုရဲ့ခြေစွမ်းဟာ အမြင့်ဆုံးကို ရောက်ရှိနေချိန်ဖြစ်ပါတယ်။

တစ်ကျော့ပြန်

ဒါကြောင့် အရင်က စီရိုနယ်ဒိုကို ခေါ်ယူဖို့ လက်လျှော့ခဲ့တဲ့ ရီးရဲမက်ဒရစ်က တစ်ကျော့ပြန်ပြီး ဒိုလေးကို ခေါ်ယူချင်ပါတယ်လို့ ဆိုလာပြန်ပါတယ်။ စီရိုနယ်ဒိုအတွက် ရီးရဲမက်ဒရစ်က ပြောင်းရွှေ့ကြေး ပေါင်သန်း ၈၀ပေးမယ်လို့ စကားခေါ်လိုက်ပြီး ဒီငွေကြေးပမာဏဟာ ကန့်သတ်မှုမရှိတာမို့ ညှိနှိုင်းလို့ရတယ်လို့ ဆိုထားတာကြောင့် ကမ္ဘာ့ဘောလုံးအပြောင်းအရွှေ့ ဈေးကွက်မှာ စိတ်လှုပ်ရှားဖွယ်အကောင်းဆုံးဖြစ်လာပါတယ်။

ဒါ့အပြင် ရီးရဲမက်ဒရစ်က စီရိုနယ်ဒိုရဲ့ တစ်ပတ်လုပ်ခလစာငွေကို ပေါင်၁၅၀၀၀၀ကျော်ပေးသွားမယ့်အပြင် ဆုကြေးငွေတွေလည်း သီးခြားသတ်မှတ်ပေးမယ်လို့ ဆိုထားပြန်တာကြောင့် ကမ္ဘာပေါ်မှာ လုပ်ခလစာအကောင်းဆုံး ဘောလုံးသမားအဖြစ် ရပ်တည်နိုင်မယ့်သဘော ဖြစ်နေပါတယ်။

ကမ်းလှမ်း

ဒီလို ရီးရဲမက်ဒရစ်တို့က မက်မောစရာငွေကြေးတွေနဲ့ ကမ်းလှမ်းမှုကြောင့် မန်ယူကလပ်နဲ့နည်းပြဖာဂူဆန်တို့ အံ့သြသွားခဲ့တယ်လို့ ဆိုပါတယ်။ မန်ယူမှာ ဒိုလေးဟာ အဓိက ကစားသမားအဖြစ် ရပ်တည်နေသလို အဆုံးအဖြတ် ဂိုးတွေကိုလည်း သွင်းပေးနေတဲ့ကစားသမားတစ်ဦး ဖြစ်ပါတယ်။

မန်ယူက ဒိုလေးကို ၂၀၁၂ခုနှစ်အထိ တိုးမြှင့်စာချုပ်ထားပြီး လုပ်ခလစာကို တစ်ပတ်ပေါင်၁၄၀၀၀၀ ပေးတော့မယ့်အနေအထားရှိနေပြီ ဖြစ်ပါတယ်။ ဒိုလေးကိုယ်တိုင်ကလည်း မန်ယူရဲ့ကစားသမားအဖြစ် ဂုဏ်ယူစိတ်ဖြစ်နေသလို

မန်ယူက ဒိုလေးကို ထိန်းထားနိုင်ပါ့မလား

ပရိသတ်တွေကလည်း မန်ယူအသင်းရဲ့ အမှတ်တံဆိပ်တစ်ခုသဖွယ် သတ်မှတ်ထားပါတယ်။ ဒိုလေးကိုယ်တိုင်ကလည်း မန်ချက်စတာမြို့မှာ ရေကူးကန်နဲ့ပါတီပွဲလုပ်နိုင်တဲ့ ခန်းမတွေပါဝင်တဲ့ ဇိမ်ခံအိမ်ကြီးတစ်လုံးကို ဝယ်ယူနေထိုင်နေတာမို့ မန်ယူမှာအခြေချမယ့် သဘောတော့ရှိနေပါတယ်။

သူ့ရဲ့အနာဂတ်

ဒါပေမယ့် အခုနောက်ပိုင်း ပရီမီယာလိဂ်ရဲ့ ကစားသမားတွေဟာ ကြမ်းကြမ်းတမ်းတမ်း ကစားလာတာကြောင့် ဘောလုံးကို ရသမြောက်အောင် ရှုရှုလေးကစားတတ်တဲ့ ဒိုလေးဟာ နည်းနည်းတော့ စိတ်ပျက်နေတယ်လို့ သူ့အေးဂျင့်က ပြောနေပါတယ်။ မန်ယူကနေပြီး ပြောင်းရွှေ့ဖို့ မပြောပေမယ့် သူ့ရဲ့အနာဂတ် ဘောလုံးသမားဘဝ ရေရှည်ရပ်တည်နိုင်ဖို့ ပြန်သုံးသပ်ရတော့မယ်လို့တော့ ဆိုနေပါတယ်။

ဒီအချိန်မှာ ရီးရဲမက်ဒရစ်တို့ကလည်း ငွေထုပ်ပိုက်ပြီး ဒိုလေးကို ကိုင်လှုပ်နေတာကြောင့် မန်ယူကလပ်က လူကြီးတွေလည်း နည်းနည်းတော့ ရင်ထိတ်နေပြီဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်နည်းပြ ဘန်ရှူးစတားကတော့ စီရိုနယ်ဒိုရောက်လာခဲ့ရင် မိမိတို့ရဲ့ ရှေ့တန်းဟာကမ္ဘာပေါ်မှာ အကောင်းဆုံး တိုက်စစ်မှူးတွေပိုင်ဆိုင်ထားတဲ့ ရှေ့တန်းဖြစ်လာမယ်လို့ ပြောကြားနေပါတယ်။ ဒါကြောင့် မန်ယူ၊ ဒိုလေးနဲ့ ရီးရဲမက်ဒရစ်တို့ရဲ့ အနာဂတ်ဟာ စိတ်ဝင်စားစရာကောင်းနေပါကြောင်း။ ။

မောင်မောင်မြင့်ဆွေ

ဒေးဗစ်ဘက်ခမ်း၏ ကြံ့ခိုင်မှု ကာပယ်လို၏ လက်ထောက်အကဲခတ်ကြည့်ရှု

အင်္ဂလန် မတ် ၁၇

အင်္ဂလန်နှင့်ပြင်သစ် ချစ်ကြည်ရေးပွဲအတွက် ဒေးဗစ်ဘက်ခမ်း ကစားနိုင်မှု စွမ်းရည်ကို ကာပယ်လို၏ လက်ထောက် ဖရန်ကိုဘယ်လ်ဒီနီက လာရောက်အကဲခတ် ကြည့်ရှုခဲ့သည်။

မျှော်လင့်

ဘက်ခမ်းသည် မတ် ၂၆ရက်တွင် ပါရီမြို့၌ ကစားမည့် ပြိုင်ပွဲအတွက် ပါဝင်ကစားခွင့်ရရှိရန် မျှော်လင့်ထားသည်။

ဘက်ခမ်းသည်အယ်လ်အေဂလက်ဆီအသင်းနှင့် အက်ဖ်စီဒါးလ်လက်စ်အသင်းတို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် ကြံ့ခိုင်မှုစွမ်းရည် အပြည့်အဝ ပြသနိုင်ရန် မိနစ် ၉၀အပြည့် ခြေစွမ်းပြကစားခဲ့သည်။ ယင်းပွဲတွင် ကာပယ်လို၏ ညာလက်ရုံးဘယ်လ်ဒီနီလာရောက်ကြည့်ရှုအားပေးခဲ့သည်။

ဖိအားပေး

ဘယ်လ်ဒီနီလာရောက် ကြည့်ရှုသည့်အတွက် လူအချို့က မိမိအား ဖိအားပေးခံနေရပြီဟု ယူဆနေကြောင်း၊ မိမိမှာ ဖိအားမရှိကြောင်း၊ ကျွမ်းကျင်ကြံ့ခိုင်သော ဘောလုံးသမားဖြစ်အောင် ကြိုးစားရန်မှာ မိမိ၏ အလုပ်ပင်ဖြစ်ကြောင်း ဘက်ခမ်းက ပြောကြားသည်။

ဒါးလ်လက်စ်နှင့် ပွဲတွင် အချိန်ပြည့် ဘက်ခမ်း ပါဝင်ကစားခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

အင်္ဂလန်နည်းပြ ကာပယ်လိုကလည်း မိမိအနေဖြင့်ဘက်ခမ်းကို ခေါ်ယူကစားရန်စဉ်းစားနေပြီဖြစ်ကြောင်း၊ ပြီးခဲ့သော ဆွစ်ဇာလန်နှင့် ချစ်ကြည်ရေး ကစားရာတွင် ချန်ထားခဲ့ရခြင်းမှာ ကြံ့ခိုင်မှုစိုးရိမ်နေ၍ ဖြစ်ကြောင်း ပြောကြားသည်။ **(အင်တာနက်)**

မြောက်အိုင်ယာလန်မှ မက်ဒူးဝဲလ် တောင်ကိုရီးယား ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ဗိုလ်စွဲ

ဆိုးလ် မတ် ၁၇

တောင်ကိုရီးယားနိုင်ငံ၌ကျင်းပသော ဘော်လန်တိုင်း ချန်ပီယံရှစ်ဂေါက်သီး ရိုက်ပြိုင်ပွဲတွင် မြောက်အိုင်ယာလန်မှ ဂေါက်သီးကစားသမား မက်ဒူးဝဲလ်က အိန္ဒိယမှ မီကာဆင်းနှင့်ကျင်းပိုကစားပြီး ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါ ဂေါက်သီးရိုက်ကစားသမားနှစ်ဦးသည် နောက်ဆုံးနေ့က သတ်မှတ် ရိုက်ချက်ထက် ၁၈ချက်လျှော့ရိုက်နိုင်ခဲ့သည်။ အိန္ဒိယဂေါက်သီးကစားသမား မီကာဆင်းသည် အဖွင့်ပွဲနေ့တွင် ပြိုင်ဘက်များအား သုံးချက်အသာဖြင့် ဦးဆောင် ကစားနိုင်ခဲ့မှုကြောင့် ဖလားရရှိရေး ဦးတည်ကစားခဲ့သည်။

ချန်ပီယံဆုဖလား

မက်ဒူးဝဲလ်နှင့်မီကာဆင်းတို့သည် နောက်ဆုံးနေ့အထိ စုစုပေါင်းသတ်မှတ် ရိုက်ချက်ထက်၂၄ချက်စီး လျှော့ရိုက်ခဲ့ကြသည်။ ယင်းတို့နှစ်ဦးသည် ရမှတ်ချင်းတူနေကြသည့်အတွက် ဂေါက်သီးရိုက်ကစားသမားများ၏ ထုံးစံအတိုင်း ကျင်းပိုကစားခဲ့ကြရာ မက်ဒူးဝဲလ်ကအနိုင်ရရှိပြီး ချန်ပီယံဆုဖလားကို ကိုင်မြှောက်ခွင့် ရရှိသွားသည်။ (အပေါ်ပုံ)

အသက်၂၈နှစ်ရှိ မက်ဒူးဝဲလ်သည် ဥရောပတိုးပြိုင်ပွဲတွင် ယခုဆွတ်ခူးနိုင်သည့်ဖလားအပါအဝင် သုံးလုံးမြောက်ဆွတ်ခူးနိုင်သည့် ဖလားဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အိုင်ယာလန်မှ မတ်ဂျင်လေက စုစုပေါင်းသတ်မှတ် ရိုက်ချက်ထက်၁၇ချက်လျှော့ရိုက်ပြီး တတိယဆုဆွတ်ခူးနိုင်ခဲ့သည်။

(အင်တာနက်)

ပစိဖိတ် လိုက်ဖ်အိုးပင်း ရာဖေးလ်နာဒယ် တတိယဆင့်သို့ တက်လှမ်း

ကယ်လီဖိုးနီးယား မတ် ၁၇

ကမ္ဘာ့နံပါတ်(၂) တင်းနစ်ကစားသမားစပိန်နိုင်ငံသား ရာဖေးလ်နာဒယ်သည် ကယ်လီဖိုးနီးယား၌ ကျင်းပသော ပစိဖိတ်လိုက်ဖ် အိုးပင်း တင်းနစ် ပြိုင်ပွဲတွင် ကိုလံဘီယာမှ ဂျီရာဒိုအား ၆-၃၊ ၆-၃ဖြင့်နိုင်ပြီး တတိယအကျော့ ပြိုင်ပွဲသို့ တတ်ရောက်သွားပြီ ဖြစ်သည်။

ဩစတြေးလျ အိုးပင်းဖလား ဆွတ်ခူးခဲ့သော ဆားဘီးယားတင်းနစ်ကစားသမား ဒီဂျိုကိုဗစ်သည်လည်း အီတလီမှ ဆပ်ပီအား ၆-၃၊၇-၆၊ ၇-၃ဖြင့်နိုင်ပြီး တတိယအကျော့ပွဲစဉ်သို့ တတ်ရောက်သွားပြီဖြစ်သည်။

ဒီဂျိုကိုဗစ်သည်တတိယအကျော့ပြိုင်ပွဲတွင်ဂျာမနီမှ ဖီးလစ်ကိုချာရီဘာနှင့်ကစားရမည်ဖြစ်သည်။ ရာဖေးလ်နာဒယ်သည် အမေရိကန်မှ ဒေါနယ်ရန်းနှင့် တတိယအကျော့ ပြိုင်ပွဲအဖြစ် ဆက်လက် ယှဉ်ပြိုင် ကစားရမည် ဖြစ်သည်။ **(အင်တာနက်)**

မြင့်မောင်စိုး စုစည်းသည်

မြန်မာ့အလင်း နိုင်ငံတကာ မှုခင်းဖြစ်ရပ်

ကျောခိုင်းထွက်ခွာ ကမ္ဘာခြားသော်လည်း

မန်ချက်စတာမြို့သည် ဗြိတိန်နိုင်ငံ နယူးဟမ့်ရှိုင်းယားနယ် တောင်ပိုင်းတွင်ရှိသော လူနှစ်သိန်းကျော်နေထိုင်သည့် မြို့ကြီးတစ်မြို့ဖြစ်သည်။ ထိုမြို့တွင် မိုက်ကယ်တော့ဒ် **(ယာပုံ)** ဆိုသူ အမျိုးသားတစ်ဦးကို ၁၉၅၇ ခုနှစ်က မွေးဖွားခဲ့သည်။ မိုက်ကယ်တော့ဒ်သည် ငယ်ရွယ်စဉ်ကတည်းက ဉာဏ်ပညာထက်မြက်ပြီး စာကြိုးစားသူဖြစ်သည်။ ထို့ကြောင့်၁၉၇၂ခုနှစ်တွင် အထက်တန်းပညာ ပြီးဆုံးခဲ့သည်။ ၁၉၇၆ခုနှစ်တွင် တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ပြီး ထိုနှစ်မှာပင် ဗြိတိန်နိုင်ငံအရှေ့တောင်ပိုင်း အက်ဆက်မြို့ရှိ ရဲတပ်ဖွဲ့သို့ဝင်ရောက် အမှုထမ်းပြီးနောက် လန်ဒန်မြို့တော် ရဲတပ်ဖွဲ့သို့ ပြောင်းရွှေ့ခဲ့သည်။

ဖူးစာဆုံခဲ့

မိုက်ကယ်သည် မိဘများအပေါ်တွင် ကျေးဇူးသိတတ်သော သားလိမ္မာ တစ်ဦးဖြစ်သည်။ သူသည် ရဲတပ်ဖွဲ့သို့ဝင်ရောက်ကာ လေးနှစ်ကြာ မိဘများကို လုပ်ကျွေးပြုစုပြီးနောက် ၁၉၈၀ပြည့်နှစ်တွင် ကာရိုလင်း အမည်ရှိ မိန်းမချောကလေးနှင့် ဖူးစာဆုံခဲ့သည်။

သူတို့ဇနီးမောင်နှံနှစ်ဦးသည် အိမ်ထောင်သက် ၁၁နှစ် ကြာသည်အထိ သားသမီးမယူခဲ့ကြပေ။ ၁၉၉၂ခုနှစ်တွင် သားသမီးယူကာ သမီးဦးကို မွေးဖွားခဲ့သည်။

ထက်မြက်ထူးချွန်

မိုက်ကယ်၏ လုပ်ရည်ကိုင်ရည် ထက်မြက်ထူးချွန်မှုကြောင့် ၃၈နှစ်အရွယ် ၁၉၉၅ခုနှစ်တွင် နော်တင်ဟမ်ရှိုင်းယားနယ်တွင် လက်ထောက်ရဲအကြီးအကဲအဖြစ်ရာထူး တိုးမြှင့်ခံခဲ့ရသည်။ ထိုနှစ်တွင်ပင် သူတို့ဇနီးမောင်နှံတွင် သားအမြွှာနှစ်ဦး ထပ်မံရရှိခဲ့သည်။

မိုက်ကယ်သည် ၁၉၉၈ခုနှစ်တွင် ဒုတိယ လက်ထောက်ရဲမင်းကြီးဖြစ်ခဲ့သည်။ ၂၀၀၀ခုနှစ်တွင် လက်ထောက်ရဲမင်းကြီးအဖြစ် ရာထူးတက်ခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် ဗြိတိန်ဘုရင်မကြီး၏ ရဲအရာရှိကောင်း ဆုတံဆိပ်ချီးမြှင့်ခြင်း

ခံခဲ့ရသည်။ ၂၀၀၂ခုနှစ်တွင်မူ မန်ချက်စတာမြို့တွင် ဒေသဆိုင်ရာ ရဲအရာရှိအကြီးအကဲအဖြစ် ခန့်အပ်ခံရသည်။ ၂၀၀၆ခုနှစ်တွင် ဒုတိယရဲချုပ်အဖြစ် ရာထူးတက်ခဲ့ပြန်သည်။ မိုက်ကယ်အဖို့ ထို ကာလများသည် ရွှေရောင်လွှမ်းသော ကာလများဖြစ်ခဲ့သည်။

မိုက်ကယ်သည်ဒုတိယရဲချုပ်အဖြစ် ရာထူးတိုးပြီး နှစ်နှစ်ကျော်အကြာတွင် ဇနီးဖြစ်သူနှင့် သားသမီးများကို ထာဝရ ခွဲခွာသွားခဲ့သည်။

ပျောက်ချင်းမလှပျောက်

မိုက်ကယ်သည် ၂၀၀၈ခုနှစ် မတ် ၁၀ရက် ညပိုင်းက ဝေလပြည်နယ် မြောက်ပိုင်း စနိုဒန်အရပ်တွင် လမ်းလျှောက်စဉ် ပျောက်ချင်းမလှပျောက် ဆုံးသွားခဲ့သည်။ မိုက်ကယ်အား အပူတပြင်း ရှာဖွေခဲ့ကြရာ သူပျောက်ဆုံးပြီး နောက်တစ်နေ့ မွန်းလွဲပိုင်းတွင် ဝေလပြည်နယ်မြောက်ပိုင်း တောတောင်ထူထပ်ရာ ဘီဝစ်ချ်ဒေသတွင် သူ၏ အလောင်းကို တွေ့ရှိခဲ့ရသည်။

သေမှုသေခင်း စစ်ဆေးချက်တွင် ကနဦး ဆေးစစ်ချက်အရ မိုက်ကယ်၏ ခန္ဓာကိုယ်တွင် ယာဉ်မောင်းစဉ်ရှိရမည့် အရက် ပါဝင်မှုနှုန်းထက် ပိုမိုသောက်ထားသည်ဟုဆိုခဲ့သည်။ သို့သော်လည်း နောက်ပိုင်း ဆေးစစ်ချက်အရ ယခင်ဆေးစစ်ချက် မှားယွင်းကြောင်း တွေ့ရှိခဲ့ရသည်။ ဒုတိယအကြိမ် စစ်ဆေးချက်အရ အရက်သေစာလွန်ကျွံစွာ သောက်သုံးထားသည့် လက္ခဏာမတွေ့ရှိရသကဲ့သို့ မတော်တဆမှုကြောင့် သေဆုံးခြင်းမဟုတ်သည့်အပြင် တစ်ပါးသူ၏ ပယောဂကြောင့် သေဆုံးခြင်းလည်း မဟုတ်ကြောင်း တွေ့ရှိခဲ့ရသည်။ ထို့အပြင် မိုက်ကယ်၏ခန္ဓာကိုယ်၌ ပြင်ပဒဏ်ရာ တစ်စုံတစ်ရာလည်း မတွေ့ရှိခဲ့ရပေ။

ဗြိတိန်ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးချက်များအရ တစ်စုံတစ်ဦး၏ ပယောဂကြောင့်သေဆုံးခဲ့ရခြင်း မဟုတ်ကြောင်း တွေ့ရှိခဲ့ရသည်။ ထို့အပြင် ရဲတပ်ဖွဲ့က သူ့အလောင်းအား တွေ့ရှိရာ တောင်ပေါ်ဒေသတွင် ခြေလျင် တောင်တက်ကြသူများအား စာရွက်စာတမ်း တစ်စုံတစ်ရာတွေ့ရှိပါက အကြောင်းကြားပေးပို့ရန် မေတ္တာရပ်ခံခဲ့မှုကြောင့် မိုက်ကယ်တော့ဒ်၏ ဇနီးနှင့် သားသမီးများအား ရေးသားခဲ့သော နောက်ဆုံးနှုတ်ဆက်စာကို တွေ့ရှိခဲ့ရာမှ သူ့ကိုယ်သူ သေကြောင်းကြံစည်ခဲ့ကြောင်း အတည်ပြုလိုက်ရသည်။

ဘဝတွင် ရိုးသား ကြိုးစားမှုများကြောင့် အမြင့်ဆုံးနေရာကို ရောက်ရှိကာ သားသမီးများနှင့်အတူ မိသားစုဘဝကို ပျော်ရွှင်စွာ ဖြတ်သန်းနိုင်သော အခြေအနေသို့ ရောက်ရှိနေခဲ့ပါသော်လည်း နှုတ်ဆက်ထွက်သွား ကမ္ဘာခြားသွားခဲ့လေသူ မိုက်ကယ်တော့ဒ်၏ ကံကြမ္မာကား ရင်နင့်ဖွယ်ရာပင်။ မိုက်ကယ်တော့ဒ်အားဖခင်လိုတစ်သွယ် ခင်ပွန်းလိုတစ်ဖုံ ချစ်ခင်အားကိုးစွာ ပေါင်းသင်းနေထိုင်လာခဲ့သော ဇနီးသည် ကာရိုလင်းမှာ မိမိနှင့် သားသမီးများအား ချစ်လှစွာသော ခင်ပွန်းသည် မိုက်ကယ်တော့ဒ်က မည်သည့်အကြောင်းကြောင့် ခွဲခွာသွားသည်ကိုမူ တစ်သက်တာ စဉ်းစားတွေးတောနေရုံမှ တစ်ပါး။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရနှင့် အကျိုးကျေးဇူ

ယခုအခါ အမျိုးသားညီလာခံက ချမှတ်ပေးခဲ့သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ အခြေခံဥပဒေမူကြမ်းကို ရေးဆွဲပြီးဖြစ်ပေသည်။ လာမည့်၂၀၀၈ခုနှစ် မေလတွင်အခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြု ပြဋ္ဌာန်းသွားတော့မည်ဖြစ်သည်။ အတည်ပြုလိုက်သည့် အခြေခံဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ပြည့်နှစ်တွင် ကျင်းပသွားမည်ဖြစ်ရာ ပြည်သူတို့၏လိုအင်ဆန္ဒအတိုင်း ပြည်သူ့ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ပေါ်ထွန်းလာပေတော့မည်။

အဆိုပါ **ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များကို ကြားသိရသူတိုင်း ဝမ်းသာအားရ ရှိနေကြပါသည်။ မြန်မာနိုင်ငံအပေါ် စိတ်ရင်း စေတနာမှန်ထားရှိကြသည့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် မိတ်ဆွေနိုင်ငံများကလည်း မှန်ကန်သော ခြေလှမ်းများအဖြစ် ကြိုဆိုထောက်ခံနေကြပါသည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရုံးကပင် မူဝါဒလမ်းစဉ်(၇)ရပ် ဖော်ဆောင်မှု၌ အချိန်ဇယားချမှတ်ပေးခြင်းဖြစ်သည့်အတွက် ကြိုဆိုအသိအမှတ်ပြုလျက်ရှိသည်။ ချုံ၍ဆိုရလျှင် ဒီမိုကရေစီလမ်းကြောင်းမှန်အတိုင်း လျှောက်လှမ်းနေသော မြန်မာ့နိုင်ငံရေးခရီး၏ ခြေလှမ်းများကို ဒီမိုကရေစီ အမှန်တကယ်လိုလားသူတိုင်းက ကြိုဆိုထောက်ခံနေကြခြင်း ဖြစ်ပေသည်။**

သို့ရာတွင် သခွတ်ပင်က မီးတကျည်ကျည်ဆိုသကဲ့သို့ ဆန့်ကျင်ကန့်ကွက် နှောင့်ယှက်နေသူများလည်း ရှိနေဆဲဖြစ်ကြောင်းတွေ့ရသည်။ ၎င်းတို့သည် အမျိုးသားညီလာခံကျင်းပစဉ်ကတည်းကပင် မြန်မာ့နိုင်ငံရေးခရီးလမ်းကို နည်းအမျိုးမျိုးဖြင့် ဟန့်တားပိတ်ဆို့နှောင့်ယှက်ဖျက်ဆီးလာခဲ့ကြသည်။ နိုင်ငံတကာမှ ထင်ယောင်ထင်မှားဖြစ်အောင် သတင်းအမှားများဖြင့် သွေးထိုးလှုံ့ဆော်ခဲ့ကြသည်။ ပြည်သူလူထုအတွင်း ဝေဝါးထွေပြားအောင် သပ်လျှိုဖြိုခွဲခဲ့ကြသည်။

ထို့ကြောင့်လည်း တာဝန်သိသော စာနယ်ဇင်းသမားတစ်ဦးအနေဖြင့် အမျိုးသားညီလာခံ၏ ဖြစ်ပေါ်တိုးတက်မှုများကို အမှန်အတိုင်းသိရှိနိုင်စေရန် ရည်ရွယ်ပြီး **"အနာဂတ်နိုင်ငံတော်တည်ဆောက်မှုပုံသဏ္ဌာန်၊ ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ"**အမည်ဖြင့် သတင်းစာဆောင်းပါး(၁၄)ပုဒ်ရေးသားဖော်ပြခဲ့ပါသည်။ ၂၀၀၆ခုနှစ် ဧပြီလမှစပြီး စာအုပ်အဖြစ် ထုတ်ဝေဖြန့်ချိခဲ့ရာ ယခုအခါ စောင်ရေ သိန်းနှင့်ချီ၍ ပြည်သူလူထုအတွင်း ရောက်ရှိပျံ့နှံ့နေပြီ ဖြစ်ပါသည်။

ထို့အပြင် **"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေးများက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများ"**စာအုပ်ကိုလည်း ၂၀၀၇ခုနှစ် စက်တင်ဘာလမှစ၍ ပုံနှိပ်ထုတ်ဝေပေးခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ မကြာမီကလည်း **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း(၂၀၀၈ခုနှစ်)"**စာအုပ်ကို ပုံနှိပ်ထုတ်ဝေပေးထားသဖြင့် လေ့လာဖတ်ရှုခွင့်ရခဲ့ပါသည်။

ယင်းသို့လေ့လာဖတ်ရှုမှုများအရ ပြည်တွင်းပြည်ပဆန့်ကျင်ဘက်အုပ်စုများက ၎င်းတို့လိုရာဆွဲကာ ထိုးနှက်တိုက်ခိုက်နေသော အကြောင်းပြချက်များသည် အမှန်တရားနှင့် လုံးဝဆန့်ကျင်ကွဲပြားနေကြောင်း တွေ့ရှိလာရသည်။ ထို့ကြောင့်လည်း ပြည်သူလူထုအား အမှန်အတိုင်း ထပ်ဆင့်ရှင်းလင်းတင်ပြနိုင်ရန်အတွက် ဘကြီးစိုးနှင့် ကြီးကြီးမြတို့ထံ ကျွန်တော် ထပ်မံရောက်ရှိခဲ့ပြန်သည်။

ယခင်ဆောင်းပါးများဖြင့် မိတ်ဆက်ပေးခဲ့သည့်အတိုင်း ဘကြီးစိုးသည် မြန်မာနိုင်ငံပညာရေးလောကတွင် လူသိများ ထင်ရှားသူတစ်ဦးဖြစ်သည်။ ပါမောက္ခဘဝမှ အငြိမ်းစားယူခဲ့သည့်တိုင် အမျိုးသားညီလာခံ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်တစ်ဦးအဖြစ် နိုင်ငံ့တာဝန် ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။ ကြီးကြီးမြကလည်း အထက်တန်းကျောင်းအုပ်ကြီးဘဝမှ အငြိမ်းစားယူထားသူဖြစ်သည်။ သားထောက်သမီးခံမရှိ၍ ပညာဗဟုသုတဆိုင်ရာကိစ္စများကိုသာ ဦးစားပေးလေ့လာအားထုတ်နေကြသူများဖြစ်၍ သုတဘဏ်တိုက်ကြီးသဖွယ် ဖြစ်နေပါသည်။

သို့ပါ၍ ကျွန်တော်တို့၏စကားဝိုင်းမှ ဆွေးနွေးပြောကြားခဲ့သမျှ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရနှင့် အကျိုးကျေးဇူးများကို အများပြည်သူတို့ ထပ်လောင်းပွားများ သိရှိခံစားနိုင်ရန် သိကြားစေသက်သေညွှန်းလိုက်ရပါသည်။

စိုးမြကျော် – ဘကြီးခင်ဗျား၊ လိုရင်း တိုရှင်းပဲ မေးပါရစေ။ ကျွန်တော်တို့နိုင်ငံမှာ တပ်မတော်က တာဝန်ယူအုပ်ချုပ်နေတာကနေ ဒီမိုကရေစီပြည်သူ့အုပ်ချုပ်ရေးစနစ်ကျင့်သုံးတော့မှာကို တချို့က အကောင်းမမြင်ဘဲ ဘာဖြစ်လို့ အဖျက်သဘောနဲ့ ဆန့်ကျင်ကန့်ကွက်နေကြတာပါလဲ။

ဘကြီးစိုး – အဲဒါက ခရီးတွင်လို့ ရွာစဉ်မသိ ဆိုသလို အမှုမဲ့အမှတ်မဲ့နေသူတချို့ရဲ့ အားနည်းချက်ကို နိုင်ငံရေးလုပ်စားနေကြတဲ့ ဝိသမလောဘသမားတွေက ခုတုံးလုပ် အသုံးချနေတာဖြစ်တယ်ကွယ့်။

ကြီးကြီးမြ – မင်းဘကြီးက အဲဒါတွေကို ရှင်းရှင်းလင်းလင်း သိနိုင်အောင် နေ့တိုင်း စာအုပ်တွေဖတ်၊ မှတ်စုတွေထုတ်၊ ဇယားတွေဆွဲနေတာ၊ မင်းလာတာနဲ့ အဆင်သင့်ပဲ။

ဘကြီးစိုး – **ဒီနေရာမှာ ဆန့်ကျင်ဘက်အဖျက်သမားတွေရဲ့ အဓိကလိုလားချက်နဲ့ သူတို့ရဲ့ အကြောင်းပြ စွပ်စွဲချက်တွေကို ပထမဆုံးသိထားဖို့ လိုလိမ့်မယ်။**

စိုးမြကျော် – **သူတို့ရဲ့ အဓိကလိုလားချက်က အပ်ကြောင်းထပ်နေတဲ့ ဓာတ်ပြားလိုပါပဲ။ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အသေဆုပ်ကိုင်ပြီး လွှတ်တော်ခေါ်ပေးဖို့၊ အာဏာလွှဲပြောင်းပေးဖို့ဆိုတဲ့ ဘူတာကိုသာ ဆိုက်နေတာ တွေ့ရပါတယ်။**

ကြီးကြီးမြ – **ဟုတ်တယ်၊ အာဏာကို ဖြတ်လမ်းကရတဲ့နည်းနဲ့ လိုချင်နေကြတာ၊ ဒါကြောင့်မို့ အမျိုးသားညီလာခံကို ဖျက်လိုဖျက်ဆီး လုပ်ခဲ့ကြတယ်။ ခါချဉ်ကောင်လို မာန်ထောင်ပြီး တောင်ကြီးကိုဖြိုမယ် ကြံခဲ့ကြတာလေ။ အမျိုးသားညီလာခံဘက်က ပြည်သူတစ်ရပ်လုံး မားမားမတ်မတ် ရပ်တည်ခဲ့ကြတာမို့ နောက်ဆုံးမှာ အကြံကုန်ဂဠုန်ဆားချက်သလို လုပ်နေကြတာ မဟုတ်လား။**

ဘကြီးစိုး – အဲဒါအမှန်ပဲ၊ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနဲ့ အတည်ပြုတော့မယ့် အချိန်ကျမှ အဲဒီနိုင်ငံရေးဖြစ်စဉ်တွေမှာ သူတို့ မပါရလို့၊ သူတို့လူတွေ မပါဝင်ခဲ့လို့ တစ်ကပြန်စရမယ့် သဘောနဲ့ ပြည်တွင်းပြည်ပ အဖျက်သမားတွေ ကဏှာကောစ လုပ်နေကြတာလေကွယ်။

စိုးမြကျော် – ဟုတ်တယ်ဘကြီး၊ အကြောင်းပြချက်တွေကလည်း မရောင်ရာဆီလူးဖြစ်နေတာ တွေ့ရတယ်။ အခြေခံဥပဒေမူကြမ်းမှာ တိုင်းရင်းသားလူမျိုးစုတွေကို တန်းတူညီမျှ အခွင့်အရေးပေးမထားဘူး၊ တပ်မတော်က အာဏာကိုချုပ်ကိုင်ထားတဲ့ အချက်တွေပါဝင်နေတယ်၊ လွှတ်တော်ကိုယ်စားလှယ် အရည်အချင်းသတ်မှတ်ချက်ကလည်း ခေတ်နဲ့မညီတော့ဘူး ဆိုတာတွေကိုပဲ ဟိုဘက်က လှည့်ပြော၊ ဒီဘက်ကလှည့်ပြော ပြောနေကြတယ်။

ကြီးကြီးမြ – အဲဒါ အိမ်ကြက်ချင်း အိုးမဲသုတ်ပြီး ခွပ်ခိုင်းနေတာပဲကွယ့်။ နယ်ချဲ့လက်ဟောင်းလက်သစ်တွေရဲ့ သွေးခွဲတဲ့ နည်းဗျူဟာအတိုင်း လုပ်နေကြတာလေ။

ဘကြီးစိုး – တိုင်းရင်းသားအရေးဆိုတာကို ဗန်းပြပြီး ဖက်ဒရယ်မူပြန်လည် အသက်သွင်းရေး၊ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍကနေ တပ်မတော်ကို ဖယ်ရှားရေးနဲ့ အနောက်အုပ်စုနိုင်ငံကြီး အလိုကျ ရုပ်သေးအစိုးရအာဏာရရှိရေးဆိုတဲ့ တိုင်းဖျက် ပြည်ဖျက်စီမံကိန်းအတိုင်း ဆက်လုပ်နေကြတာပဲ ဖြစ်တယ်။

စိုးမြကျော် – နိုင်ငံနဲ့ လူမျိုးအတွက် အလွန်အန္တရာယ်ကြီးမားတဲ့ လုပ်ရပ်တွေပဲ။ ဒီ **အဖျက်သမားတွေဟာ ၁၉၆၂ ခုနှစ်က အတွေးအခေါ်နဲ့ ၁၉၈၈ခုနှစ်က လုပ်ရပ်တွေကို အခုအထိ ဖက်တွယ် ဆုပ်ကိုင်ထားနေကြတုန်းပါပဲလား။**

ကြီးကြီးမြ – **အတွေးအခေါ်ဟောင်းနဲ့ လုပ်ရပ် အမှားကို သူတို့ဘာသာသူတို့ ဖက်တွယ်ဆုပ်ကိုင်ထားတာ အကြောင်းမဟုတ်ဘူး။ နယ်ချဲ့သူခိုးကို ဓားရိုးကမ်းဖို့လုပ်ရင်း သူခိုးသေဖော်လိုက်ညှိနေတာကိုတော့ လုံးဝလက်သင့်ခံလို့မဖြစ်ဘူး။**

ဘကြီးစိုး – **ဒို့တိုင်းရင်းသားပြည်သူတွေမှာ နိုင်ငံရေးအရ နိုးကြားတက်ကြွမှုတွေရှိနေပါပြီကွယ်။ ပြည်တွင်းပြည်ပ အဖျက်သမားတွေ ဘယ်ယုန်မြင်လို့ ဘယ်ချုံထွင်နေကြတယ်ဆိုတာ ပြည်သူတွေက နောကျေအောင် သိနေကြပါတယ်။**

ဘကြီးစိုး	**– ဒို့တိုင်းရင်းသားပြည်သူတွေမှာ နိုင်ငံရေးအရ နိုးကြားတက်ကြွမှုတွေ ရှိနေပါပြီကွယ်။ ပြည်တွင်းပြည်ပ အဖျက်သမားတွေ ဘယ်ယုန်မြင်လို့ ဘယ်ချုံထွင်နေကြတယ်ဆိုတာ ပြည်သူတွေက နောကျေအောင် သိနေကြပါတယ်။**
စိုးမြကျော်	**– ဒါဆို ပြည်သူလူထုအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရဲ့ အနှစ်သာရနဲ့ ဖြစ်ထွန်းလာမယ့် အကျိုးစီးပွား ရလဒ်ကောင်းတွေကို နားလည် သိမြင်နေကြမှာပဲနော်။**
ကြီးကြီးမြ	**– သေချာတာပေါ့ကွယ်၊ အဖျက်သမား လက်တစ်ဆုပ်စာကသာ မြင်းကမလှုပ် ခုံကလှုပ် နေကြတာကွယ့်။**

စိုးမြကျော်

စိုးမြကျော် – ဒါဆို ပြည်သူလူထုအနေနဲ့ ... မူကြမ်းရဲ့ အနှစ်သာရနဲ့ဖြစ် ... ရလဒ်ကောင်းတွေကို နားလ ...

ကြီးကြီးမြ – သေချာတာပေါ့ကွယ်၊ အဖျက ... ကသာ မြင်းကမလှုပ် ခုံက ...

ဘကြီးစိုး – ပြည်သူလူထုက ရန်သူနဲ့မိတ် ... ပါတယ်။ ဘယ်သူက အပြုသ ... တွေ ကဖျက်ယဖျက်လုပ်နေ ...

စိုးမြကျော်	**– အဖျ ... ၁၉၈ ... ထား ...**
ကြီးကြီးမြ	**– အတေ ... ဖက်တ ... သူခိုး ... ကိုဝေ ...**

စိုးမြကျော် – **ဒါဆို ဖွဲ့စည်းပုံအခြေခံဥပဒေ ... ပြည်သူလူထုရဲ့အမြင် ထ ... ကြလဲဆိုတာ သိရအောင် ...**

ဘကြီးစိုး – ပြည်သူထဲက ပြည်သူတစ်ယေ ... သုံးသပ်ပြချင်ပါတယ်။ အခြေ ... (၁၅)ခန်းပါဝင်တယ်။

စိုးမြကျော် – အခန်း(၁)မှာ **နိုင်ငံတော်အ ...** တာ တွေ့ရပါတယ်။

ဘကြီးစိုး – ကျန်တဲ့အခန်း(၁၄)ခန်းကို ... ရရင် နိုင်ငံတော်ဖွဲ့စည်းတ ... အကြီးအကဲ၊ ဥပဒေပြုရေး၊ ... ရေး၊ တပ်မတော်၊ နိုင်ငံသာ ... အခွင့်အရေးနှင့် တာဝန်များ ... ခြင်း၊ နိုင်ငံရေးပါတီများ၊ ... ပြဋ္ဌာန်းချက်များ၊ ဖွဲ့စည်းပုံအ ... နိုင်ငံတော်အလံ အထိမ်းအ ... မြို့တော်၊ ကူးပြောင်းရေးက ... အထွေထွေပြဋ္ဌာန်းချက်များ ...

ကြီးကြီးမြ – ကြီးကြီးလည်း အစကနေအ ... ပြီးပြီ။ BBC, VOA စတဲ့ ... ကတစ်ဆင့် ယုန်ထင်ကြော ... လာရင်လည်း သက်ဆိုင်ရ ... တာတွေနဲ့ ပြန်ပြီး တိုက် ... သမားတွေ ပုတ်ခတ်စွပ်စွဲ ... ချည်းပဲ။

စိုးမြကျော် – ပထမဦးဆုံး သူတို့ပုတ်ခတ် ... ဝါဒ ကျင့်သုံးနေတယ်။ ... တန်းတူညီမျှ အခွင့်အရေး ... ဟုတ်မဟုတ် ရှင်းပြပေးပါ ...

ဘကြီးစိုး – **နိုင်ငံတော်အခြေခံမူများမှာ "... သမ္မတမြန်မာနိုင်ငံတော်ဟု ... သည် တိုင်းရင်းသားလူ ... နေထိုင်ကြသော နိုင်ငံဖြစ်သ ...**

အကျိုးကျေးဇူးများ

စိုးမြကျော်

စိုးမြကျော် – ဒါဆို ပြည်သူလူထုအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရဲ့ အနှစ်သာရနဲ့ဖြစ်ထွန်းလာမယ့် အကျိုးစီးပွားရလဒ်ကောင်းတွေကို နားလည် သိမြင်နေကြမှာပဲနော်။

ကြီးကြီးမြ – သေချာတာပေါ့ကွယ်၊ အဖျက်သမား လက်တစ်ဆုပ်စာကသာ မြင်းကမလှုပ် ခုံက လှုပ်နေကြတာကွယ့်။

ဘကြီးစိုး – ပြည်သူလူထုက ရန်သူနဲ့မိတ်ဆွေကို ခွဲခြားသိမြင်နေကြပါတယ်။ ဘယ်သူက အပြုသဘောဆောင်လဲ၊ ဘယ်သူတွေ ကဖျက်ယဖျက်လုပ်နေတာလဲ သိနေကြပါတယ်။

> **စိုးမြကျော်** – အဖျက်သမားတွေဟာ ၁၉၆၂ခုနှစ်က အတွေးအခေါ်နဲ့ ၁၉၈၈ခုနှစ်က လုပ်ရပ်တွေကို အခုအထိ ဖက်တွယ်ဆုပ်ကိုင်ထားနေကြတုန်းပါပဲလား။
>
> **ကြီးကြီးမြ** – အတွေးအခေါ်ဟောင်းနဲ့ လုပ်ရပ်အမှားကို သူတို့ဘာသာသူတို့ ဖက်တွယ်ဆုပ်ကိုင်ထားတာ အကြောင်းမဟုတ်ဘူး။ နယ်ချဲ့သူခိုးကို စားရိုးကမ်းဖို့လုပ်ရင်း သူခိုးသေဖော်လိုက်ညှိနေတာကိုတော့ လုံးဝလက်သင့်ခံလို့မဖြစ်ဘူး။

စိုးမြကျော် – **ဒါဆို ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် ဘကြီးတို့ရဲ့အမြင်နဲ့ ပြည်သူလူထုရဲ့အမြင် ထပ်တူထပ်မျှ ဘယ်လိုရှိနေကြလဲဆိုတာ သိရအောင် ရှင်းပြပေးပါဦး။**

ဘကြီးစိုး – ပြည်သူထဲက ပြည်သူတစ်ယောက်အနေနဲ့ ဘကြီးဝေဖန်သုံးသပ်ပြချင်ပါတယ်။ အခြေခံဥပဒေမူကြမ်းမှာ အခန်း(၁၅)ခန်းပါဝင်တယ်။

စိုးမြကျော် – အခန်း(၁)မှာ **နိုင်ငံတော်အခြေခံမူများ** ကို ဖော်ပြထားတာ တွေ့ရပါတယ်။

ဘကြီးစိုး – ကျန်တဲ့အခန်း(၁၄)ခန်းကို အစီအစဉ်အလိုက် ဖော်ပြရရင် နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ နိုင်ငံတော်အကြီးအကဲ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ တပ်မတော်၊ နိုင်ငံသား နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ၊ ရွေးကောက်တင်မြှောက်ခြင်း၊ နိုင်ငံရေးပါတီများ၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း၊ နိုင်ငံတော်အလံ အထိမ်းအမှတ်တံဆိပ် သီချင်းနှင့် မြို့တော်၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များနဲ့ အထွေထွေပြဋ္ဌာန်းချက်များဆိုတဲ့ အခန်းတွေပဲကွယ့်။

ကြီးကြီးမြ – ကြီးကြီးလည်း အစကနေအဆုံး တစ်ခေါက်ဖတ်ကြည့်ပြီးပြီ။ BBC, VOA စတဲ့ ပြည်ပအသံလွှင့်ဌာနတွေကတစ်ဆင့် ယုန်ထင်ကြောင်ထင်ဖြစ်အောင် ထိုးနှက်လာရင်လည်း သက်ဆိုင်ရာအခန်းမှာ ပြဋ္ဌာန်းထားတာတွေနဲ့ ပြန်ပြီး တိုက်ဆိုင်ကြည့်တယ်။ အဖျက်သမားတွေ ပုတ်ခတ်စွပ်စွဲတာအားလုံး တလွဲတချော်ချည်းပဲ။

စိုးမြကျော် – ပထမဦးဆုံး သူတို့ပုတ်ခတ်စွပ်စွဲနေတဲ့ ဗမာလူမျိုးကြီးဝါဒ ကျင့်သုံးနေတယ်။ တိုင်းရင်းသားလူမျိုးတွေကို တန်းတူညီမျှ အခွင့်အရေးမပေးဘူးဆိုတာ မှန်မမှန်၊ ဟုတ်မဟုတ် ရှင်းပြပေးပါလား ဘကြီး။

ဘကြီးစိုး – **နိုင်ငံတော်အခြေခံမူများမှာ“နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ခေါ်တွင်ရမည်။ နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်ကြသော နိုင်ငံဖြစ်သည်။ နိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်။ နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်”လို့ အတိအလင်း ဖော်ပြထားတယ်ကွယ့်။**

ကြီးကြီးမြ – **အဲဒီပြဋ္ဌာန်းချက်တွေကို ကြည့်ရုံနဲ့ မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်ကြတဲ့ နိုင်ငံဖြစ်ပြီး ပြည်ထောင်စုစနစ်နဲ့ ဖွဲ့စည်းတည်ဆောက်သွားမယ်ဆိုတာ ပေါ်လွင်ထင်ရှားနေတယ်လေ။ ဘယ်တိုင်းရင်းသားကိုမျှ လူမျိုးကြီး၊ လူမျိုးငယ် ခွဲခြားမထားဘူးဆိုတာ ဒီ့အားလုံးအသိပဲ မဟုတ်လား။**

စိုးမြကျော် – ဟုတ်တယ် ကြီးကြီး၊ အဲဒီလို လူမျိုးစွဲ မထားရှိသလိုဒေသစွဲ မရှိရအောင်လည်း **“ရှိရင်းစွဲ တိုင်း(၇)တိုင်းကို တိုင်းဒေသကြီး (၇)ခုအဖြစ် လည်းကောင်း၊ ရှိရင်းစွဲ ပြည်နယ်(၇)ပြည်နယ်ကို ပြည်နယ်(၇)ပြည်နယ်အဖြစ် လည်းကောင်း ပိုင်းခြားသတ်မှတ်သည်။ ထိုတိုင်းဒေသကြီး (၇)ခုနှင့် ပြည်နယ်(၇)ပြည်နယ်တို့သည် အဆင့်အတန်းတူညီကြသည်”**လို့ ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။

ဘကြီးစိုး – အဲဒီမှာ **ပိုင်းခြားသတ်မှတ်သည်**ဆိုတဲ့ အသုံးအနှုန်းကို ကြည့်ရုံနဲ့ **ခွဲခြားသတ်မှတ်ခြင်း** မဟုတ်ကြောင်းသိသာထင်ရှားစေတယ်။ **အဆင့်အတန်းတူညီကြသည်** ဆိုတဲ့အတိုင်း တန်းတူညီမျှ အခွင့်အလမ်းရရှိအောင် ပြဋ္ဌာန်းပေးထားတာ တွေ့ရလိမ့်ဦးမယ်။

စိုးမြကျော် – ၁၉၈၉ ခုနှစ်လောက်တုန်းက ထင်တယ်။ “ဒီအတိုင်းပဲကောင်းပါတယ်”ဆိုတဲ့ ရုပ်သံဇာတ်လမ်းကို ကြည့်လိုက်ရတော့ အားလုံးက နှစ်သက်သဘောကျခဲ့ကြတယ်။

ကြီးကြီးမြ – ပြည်ထောင်စုမပြိုကွဲရေးအတွက် မီးမောင်းထိုးပြခဲ့တဲ့ သာဓကတစ်ခုပေါ့ကွယ်။ အေးအတူ ပူအမျှ နေထိုင်လာခဲ့ကြတဲ့ ဒို့တိုင်းရင်းသားတွေ ရေးကထက် ပိုပြီး ချစ်နေကြပြီကွယ့်။ ကြားလေသွေးတိုင်း အဝေးခံမှာ မဟုတ်တော့ဘူး။

ဘကြီးစိုး – အဲဒီလို ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်ထွန်းကားအောင် ဖွဲ့စည်းပုံအခြေခံဥပဒေက ဖော်ဆောင်ပေးထားကြောင်း လေ့လာလေလေ တွေ့ရှိလေလေပဲဖြစ်တယ်။

စိုးမြကျော် – ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး – အခန်း (၂)မှာ **နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ** ခေါင်းစဉ်နဲ့ အသေးစိတ်ပြဋ္ဌာန်းပေးထားတယ်။ အဲဒီမှာ “နိုင်ငံတော်ကို အောက်ပါ တိုင်းဒေသကြီး(၇)ခု၊ ပြည်နယ်(၇)ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေများဖြင့် ပိုင်းခြားသတ်မှတ်သည်–
(က) ကချင်ပြည်နယ်၊ (ခ) ကယားပြည်နယ်၊ (ဂ) ကရင်ပြည်နယ်၊ (ဃ)ချင်းပြည်နယ်၊ (င)စစ်ကိုင်းတိုင်းဒေသကြီး၊ (စ)တနင်္သာရီတိုင်းဒေသကြီး၊ (ဆ)ပဲခူးတိုင်းဒေသကြီး၊ (ဇ)မကွေးတိုင်းဒေသကြီး၊ (ဈ) မန္တလေးတိုင်းဒေသကြီး၊ (ည) မွန်ပြည်နယ်၊ (ဋ) ရခိုင်ပြည်နယ်၊ (ဌ) ရန်ကုန်တိုင်းဒေသကြီး၊ (ဍ) ရှမ်းပြည်နယ်၊ (ဎ) ဧရာဝတီတိုင်းဒေသကြီးနှင့် (ဏ) ပြည်ထောင်စုနယ်မြေများ”လို့ ဖော်ပြထားတယ်။

စိုးမြကျော် – အဲဒီအခန်းမှာ **“နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်သည်”**လို့ ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။ **ပြည်ထောင်စုနယ်မြေ** သတ်မှတ်မှုကို သိပါရစေ ဘကြီး။

ဘကြီးစိုး – **“နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးစသည်တို့နှင့် စပ်လျဉ်းပြီး ထူးခြားသောအခြေအနေရှိသည့် နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်နိုင်သည်”**လို့ ပြဋ္ဌာန်းပေးထားတယ်။ ဒါကြောင့်မို့ နေပြည်တော်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ခဲ့တာပဲကွယ့်။

ကြီးကြီးမြ – ပြည်သူတွေက တစ်ခုစိုးရိမ်နေကြတယ် ကိုစိုး။ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတုန်းကလို ခွဲထွက်ခွင့်မျိုး ပါလာမှာကိုလေ။

ဘကြီးစိုး – အဲဒီအတွက်တော့ မပူပါနဲ့ကွယ် **“နိုင်ငံတော်တွင်ပါဝင်သည့် တိုင်းဒေသကြီးများ၊ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများစသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမျှ ခွဲမထွက်ရ”**လို့ အတိအလင်း ပြဋ္ဌာန်းပေးထားပါတယ်။

စိုးမြကျော် – အနာဂတ်အရေးအတွက် စိတ်အေးရပါပြီ ဘကြီး။ အဲဒီ ပြဋ္ဌာန်းချက်ထဲမှာ **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ** ဆိုတာတွေ့ရပါတယ်။

ဘကြီးစိုး – ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများဆိုတာကတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွေကို ဆိုလိုတာပဲဖြစ်တယ်။ ရှင်းသွားအောင် တစ်ဆက်တည်းဖော်ပြရရင် “ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို အောက်ပါအတိုင်း သတ်မှတ်သည် –
(၁) စစ်ကိုင်းတိုင်းရှိ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်တို့ကို စုစည်းပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၂) ရှမ်းပြည်နယ်ရှိ ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်တို့ကို စုစည်းပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၃) ရှမ်းပြည်နယ်ရှိ ဟိုပုန်းမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့ကို စုစည်းပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၄) ရှမ်းပြည်နယ်ရှိ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်တို့ကိုစုစည်းပြီး ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၅) ရှမ်းပြည်နယ်ရှိ ကုန်းကြမ်းမြို့နယ်နှင့် လောက်ကိုင်မြို့နယ်တို့ကို စုစည်းပြီး ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၆) ရှမ်းပြည်နယ်ရှိ ဟိုပန်မြို့နယ်၊ မိုင်းမောမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ နားဖန်းမြို့နယ်၊ မက်မန်းမြို့နယ်နှင့် ပန်ဆန်း(ပန်းခမ်း)မြို့နယ် ခြောက်မြို့နယ်တို့ကို ခရိုင် နှစ်ခရိုင်ဖွဲ့ပြီး ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း”လို့ ပြဋ္ဌာန်းထားတာ တွေ့ရမှာဖြစ်တယ်။

စိုးမြကျော် – ဒါဆိုအရင်ကထက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခုနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၅)ခု ပိုမိုတိုးချဲ့ဖွဲ့စည်းပေးထားတာပဲနော်။

ဘကြီးစိုး – ဟုတ်တယ်ကွယ့်၊ သီးခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်မရသေးတဲ့ တိုင်းရင်းသားတွေအတွက် ရသင့်ရထိုက်တဲ့ ကိုယ်ပိုင်အုပ်ချုပ်မှုအခွင့်အရေးကို အမျိုးသားညီလာခံမှာ အကျေအလည် ညှိနှိုင်း ဆွေးနွေးပြီး ချမှတ်ဖော်ဆောင်ပေးခဲ့တာပဲ ဖြစ်တယ်။

ကြီးကြီးမြ – ဒါဟာ တိုင်းရင်းသားလူမျိုးစုတွေအနေနဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို ပိုမိုရရှိလာတာမို့ ပြည်သူအားလုံးက မုဒိတာဖြစ်နေကြတယ်လေ။

စိုးမြကျော် – တိုင်းရင်းသားလူမျိုးစုများအတွက် တိုးမြှင့်ဖော်ဆောင်ပေးထားတာတွေကတော့ တူနိုင်မယ်မထင်ကြနဲ့၊ ကိုးဆယ်ဆကွာလိမ့်မယ်လို့ ဆိုရလောက်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ဒေသတွေကို ဘယ်လိုသတ်မှတ်ချက်တွေနဲ့ ဖွဲ့စည်းပေးထားတာပါလဲ။

ဘကြီးစိုး – ဆက်ပြီးရှင်းပြသွားပါမယ်၊ အခုလောလောဆယ်မှာတင် အခြေခံဥပဒေမူကြမ်းရဲ့အနှစ်သာရနဲ့ အကျိုးကျေးဇူးတွေကို သိနေရပြီမဟုတ်လား။ ပိုပြီးထင်သာမြင်သာရှိအောင် ဟောဒီမှာ ဘကြီးဆွဲထားတဲ့ အခြေပြဇယားကို ကြည့်ကြပါဦး။

အနာဂတ်နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခြေပြဇယား

ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးသည်။
ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်။
အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး
နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်။
နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှ မည်သည့်အခါမျှ ခွဲမထွက်ရ။



တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) အဝင်မုခ်ဦးကို ဤသို့ လှပခံ့ညားစွာ တွေ့ရသည်။

* ကျောဖုံးမှ

ထိုသို့ နိုင်ငံတော်၏ ရေ၊ မြေ၊ သဘာဝအရင်းအမြစ်များကိုကာကွယ် ထိန်းသိမ်း စောင့်ရှောက်ခြင်းသည် နိုင်ငံသားတိုင်း၏ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေးနှင့် ဆက်စပ်လျက် ရှိသဖြင့် တိုင်းရင်းသားပြည်သူများ အားလုံးက သစ်တောများ၊ရှားပါးသော သားငှက်များနှင့် တောရိုင်းတိရစ္ဆာန်များ အပါအဝင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်သည်။

နိုင်ငံတော်ကြီးကို မည်သည့်ခေတ် အခါနှင့်မျှ မတူအောင် နိုင်ငံတော်အစိုးရက အမြော်အမြင်ကြီးမားစွာ နိုင်ငံနှင့်အဝန်း ဘက်စုံကဏ္ဍစုံခေတ်မီ ဖွံ့ဖြိုးတိုးတက်အောင် နေ့မနား၊ ညမအား အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကိုပြည်သူအများ မျက်ဝါးထင်ထင် မြင်တွေ့သိရှိခံစားနေကြရပြီ ဖြစ်သည်။

အံ့သြမဆုံး

နေပြည်တော်သည် အချိန်ကာလ တစ်ခုအတွင်းခမ်းနားထည်ဝါလှသည့် မြို့တော်ခန်းမ၊ သာသနာရေးဆိုင်ရာ စေတီပုထိုးများ၊ ဝန်ကြီးဌာနရုံးများ၊ အဆင့်မြင့်ဝန်ထမ်းအိမ်ရာအဆောက် အအုံများ၊ ဟိုတယ်ဇုန်များ၊ အဆင့်မြင့် ဈေးကြီးများ၊ ဂေါက်ကွင်းကြီးများ၊ အဆင့်မြင့်ရုပ်ရှင်ရုံ၊ ရေပန်းဥယျာဉ်၊ ကွန်ကရစ်လမ်းမကြီးများစသည်တို့ဖြင့် ခံ့ညားထည်ဝါစွာ ဖြစ်ထွန်းလာခဲ့ပြီ ဖြစ်ရာ မြင်တွေ့ရသူ ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများသည် အံ့သြမဆုံး ဖြစ်ကြရသည်။

ပေါ်ထွန်းလာ

ထို့အပြင် အဆင့်မီ တိရစ္ဆာန် ဥယျာဉ်ကြီးတစ်ခု ဖြစ်ပေါ်လာရေး အတွက် ၂၀၀၇ခုနှစ် မတ်လမှစတင်၍ ဆောင်ရွက်ခဲ့ရာ သစ်တောရေးရာ ဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ နိုင်ငံသား ပုဂ္ဂလိက ကုမ္ပဏီများ၏အတွေ့အကြုံနှင့် စေတနာတို့ကြောင့် ခေတ်မီ နိုင်ငံတကာ အဆင့်မီ သာယာလှပသည့် နေပြည်တော် တိရစ္ဆာန်ဥယျာဉ်ကြီး ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။

နေပြည်တော် တိရစ္ဆာန်ဥယျာဉ်ကြီးတည်ဆောက်ရခြင်း၏ အခြေခံ ရည်ရွယ်ချက်များမှာ–

(၁) နေပြည်တော်တွင် နိုင်ငံတကာ အဆင့်မီ တိရစ္ဆာန်ဥယျာဉ် (Nay Pyi Taw Zoological Park) တည်ဆောက်ပြီး နေပြည်တော်၏ ဂုဏ်အင်္ဂါကို မြှင့်တင်ရန်၊

(၂) နေပြည်တော်ရှိ ပြည်သူများနှင့် ဝန်ထမ်းများသာမက နိုင်ငံတော်အတွင်းရှိ ပြည်သူများ လာရောက် အပန်းဖြေနိုင်ရန်၊

(၃) ပြည်တွင်းပြည်ပမှ စိတ်ပါဝင် စားသူများ လာရောက်လေ့လာနိုင်ရန်တို့ဖြစ်သည်။

နေပြည်တော် တိရစ္ဆာန်ဥယျာဉ်ကြီးသည် ရေဆင်းဆည်အနီး ရန်ကုန်–မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၂၅၆)နှင့် မိုင်တိုင်အမှတ် (၂၅၇) အကြားလမ်းမကြီး၏အရှေ့ဘက်တွင် ကပ်လျက်တည်ရှိပြီး ၆၁၂ဧက ကျယ်ဝန်းသည်။

သဘာဝတောတောင်နှင့် ရေမြေကောင်းမွန်ပြီး အရှေ့ရိုးမ(ရှမ်းရိုးမ)ကို မေးတင် တည်ရှိနေသည့်အတွက် သဘာဝသစ်ပင်များ ပေါက်ရောက်မှု၊ သဘာဝရေကန်နှင့် ကျောက်တုံး ကျောက်ဆောင်များတည်ရှိမှု၊ သဘာဝ ကျောက်တောင်ကမ်းပါးများ တည်ရှိမှုတို့ကြောင့် သွင်ပြင်ထူးခြားသော ဒေသ တစ်ခုဖြစ်ပေသည်။

ရှားပါးလှသော ယုန်သမင်ဖိုမကိုလည်း ဤသို့ တွေ့ရသည်။

လေ့လာစေခဲ့

နိုင်ငံတကာအဆင့်မီ တိရစ္ဆာန် ဥယျာဉ်ကြီးဖြစ်ပေါ်လာရေးအတွက် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန် ရှိသူများသည် ပြည်တွင်းပြည်ပမှ ပညာ ရှင်များနှင့် တိုင်ပင် ညှိနှိုင်းခဲ့သည်သာမက အိန္ဒိယသမ္မတနိုင်ငံ၊စင်ကာပူ သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်း၊ တာ့လျံ၊ ကွမ်ကျိုး၊ ချိုင်လောင်ဆာဖာရီ တိရစ္ဆာန် ဥယျာဉ်များနှင့် ထိုင်းနိုင်ငံ ဗန်ကောက် မြို့ရှိ ဒူးဆစ်တိရစ္ဆာန် ဥယျာဉ်များသို့ လည်း ကျွမ်းကျင်ပညာရှင်များ စေလွှတ် ကာ လေ့လာစေခဲ့သည်။

မျောက်လိမ္မာလေး ဖိုးသာအောင်ကလည်း ဤသို့ ထူးထူးခြားခြား စွမ်းရည်ပြနိုင်သည်။

အကောင်အထည်ဖော်

ကျွမ်းကျင်သူများသည် ပြည်ပနိုင်ငံ များရှိ တိရစ္ဆာန်ဥယျာဉ်များ၏ တည် ဆောက်မှုပုံစံများ၊ ပြသသည့်တိရစ္ဆာန် များနှင့် ပြကွက်၊ အကျယ်အဝန်း ဖွဲ့စည်းသတ်မှတ်မှု၊ ပြကွက်များအတွင်း တိရစ္ဆာန်များထိန်းသိမ်းမှုနှင့် သွားလာ လှုပ်ရှားရေးအတွက် စီစဉ်ဆောင်ရွက် မှု၊ အစားအစာကျွေးမွေးမှုနှင့် ကျန်းမာ ရေး ပြုစုစောင့်ရှောက်မှုများကို အသေး စိတ် လေ့လာဆည်းပူးခဲ့ကြသည်။

နေပြည်တော် တိရစ္ဆာန်ဥယျာဉ်ကို ၂၀၀၇ ခုနှစ် စက်တင်ဘာလ၁၈ရက် နေ့မှ စတင်၍ သစ်တောရေးရာဝန်ကြီး ဌာနနှင့် လုပ်ငန်းဆက်စပ်မှုရှိသည့် ကုမ္ပဏီ ၂၃ ခုတို့ ပူးပေါင်းကာ လုပ်ငန်း များ အချိန်မီပုံစံကျပြီးမြောက်စေရေး အတွက် ငွေကြေး၊ လူအင်အား၊ ယာဉ် ယန္တရား အများအပြား အသုံးပြုကာ နေ့ညမပြတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။

ခေတ်မီလှပစွာ

ထည်ဝါခံ့ညားသည့် တိရစ္ဆာန် ဥယျာဉ်ကြီး ဖြစ်သည်နှင့်အညီ လှပ ဆန်းသစ်သည့် အဝင်မုခ်ဦး၊ ရေပန်း အဝိုင်း၊ ပလာဇာအဆောက်အအုံများ၊ ရှင်းလင်းဆောင်၊ ပညာပေးပြခန်းများ၊ ယာဉ်ရပ်နားစခန်း၊ ကား၊ ရထားပတ် လမ်းနှင့် အတွင်းလျှောက်လမ်းများ၊ တိရစ္ဆာန်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာများ ကိုလည်း ပုံစံတကျ သတ်မှတ်တည် ဆောက်ပြီး ထူးခြားသည့်မြေယာအလှ ဆင်မှုများကိုလည်း လှပခေတ်မီစွာ ဖန်တီးထည့်သွင်းထားသည်။

တိရစ္ဆာန်ဥယျာဉ်ကြီးအတွင်း ထား ရှိမည့် တိရစ္ဆာန်များ ရွေးချယ်ရာတွင် လည်း မြန်မာနိုင်ငံရှိ ထင်ရှားသည့် တိရစ္ဆာန်များသာမက သားပိုက်ကောင်၊ ပင်ဂွင်၊ ကျားဖြူစသည့် ကမ္ဘာ့ရှားပါး တိရစ္ဆာန်များနှင့် ငှက်မျိုးစုံ၊ ညဥ့်ထွက် သတ္တဝါများကို ကုမ္ပဏီများနှင့် ညှိနှိုင်း ပြီး ခက်ခဲတန်ဖိုးကြီးစွာ စုဆောင်း၍ ပြသထားသည်။

တိရစ္ဆာန်ပြကွက်

တိရစ္ဆာန်များကို နို့တိုက်သတ္တဝါ၊ ကျေးငှက်သတ္တဝါနှင့် တွားသွားသတ္တဝါ ဟူ၍ အမျိုးအစားသုံးမျိုး ခွဲခြားပြသ ထားပြီး နို့တိုက်သတ္တဝါ ၃၉ မျိုး၊ ကျေးငှက်သတ္တဝါ မျိုး ၃၀၊ တွားသွား သတ္တဝါ ၁၂ မျိုး စုစုပေါင်း ၈၁ မျိုး တို့ကို တိရစ္ဆာန်ပြကွက် ၂၇ ကွက်ဖြင့် စုစုပေါင်းကောင်ရေ ၄၂၃ ကောင် ပြသ ထားသည်။

နေပြည်တော် တိရစ္ဆာန်ဥယျာဉ် ကြီးသည် ရန်ကုန်တိရစ္ဆာန် ဥယျာဉ်၊ မန္တလေး ရတနာပုံတိရစ္ဆာန်ဥယျာဉ် တို့ကဲ့သို့ မြို့ပြဧရိယာအတွင်း တည် ဆောက်ထားခြင်းမဟုတ်ဘဲ သွင်ပြင် ကွဲပြားသည့် သဘာဝတောတောင် များအတွင်း တည်ဆောက်ထား၍ အလွန်ပင် စိတ်ဝင်စားဖွယ်ကောင်း လှသည်။

စိတ်အပန်းဖြေ

တိရစ္ဆာန်ပြကွက် များမှာလည်း လုံလောက်သည့်အကျယ်အဝန်းပမာဏ ဖြင့် သဘာဝပုံစံများ ခင်းကျင်းထား ခြင်း၊တိရစ္ဆာန်လိမ္မာပြပွဲ၊ ဆင်လိမ္မာပြပွဲ များ စသည့် တိရစ္ဆာန်များ၏ စွမ်းရည် ကျွမ်းကျင်မှုပြပွဲများ၊ ဆင်စခန်း အတွင်း ဆင်စီးလှည့်လည်ကြည့်ရှု ခြင်း၊ ညနေဆည်းဆာ မီးအလှထွန်း ညှိခြင်း၊ ကားရထားဖြင့် လှည့်လည် ကြည့်ရှုခြင်းများစီစဉ်ထား၍ ထူးခြား သည့် စိတ်အပန်းဖြေမှုများကိုလည်း တွေ့ကြုံခံစားကြရမည် ဖြစ်သည်။

ထို့အပြင် ဥယျာဉ်အတွင်းသို့ လာရောက်လေ့လာအပန်းဖြေကြမည့် မိသားစုများ၏ကလေးငယ်များအတွက် ခေတ်မီကစားကွင်းများ၊ အဆင့်မြင့် စားသောက်ဆိုင်များ၊ အမှတ်တရ ပစ္စည်း အရောင်းဆိုင်များကိုလည်း တည်ခင်း တည်ဆောက်ထားရာ လာရောက်ကြသူပြည်သူများကြည်နူး နှစ်သိမ့်မှုရရှိနိုင်ကြမည်ဖြစ်သည်။

တစုတစည်း

နေပြည်တော် တိရစ္ဆာန်ဥယျာဉ် ကြီးတွင် တစ်မူထူးခြားသည့် သဘာဝ သစ်တောသစ်ပင်များ၊ သဘာဝ ကျောက်တုံး၊ ကျောက်ဆောင်များ တည်ရှိသဖြင့် သဘာဝပတ်ဝန်းကျင် နှင့် ရုက္ခဗေဒဆိုင်ရာ ဗဟုသုတ တိုးပွားလိုသူများအတွက် တစုတစည်း တည်း လေ့လာနိုင်ကြသည်။

ပြည်သူများ စိတ်ကြည်နူးအပန်း ဖြေပြီး ဗဟုသုတများ တိုးပွားစေရန် အတွက် ခေတ်မီနိုင်ငံတကာအဆင့်မီ သာယာလှပသည့် နေပြည်တော် တိရစ္ဆာန်ဥယျာဉ်ကြီးကိုငါးလအတွင်း နေ့ညကြိုးစား တည်ဆောက်ခဲ့ရာ မကြာမီ ကာလအတွင်း ခမ်းနား စည်ကားစွာ ဖွင့်လှစ်ပြသတော့မည် ဖြစ်၍ နေပြည်တော်ရှိ ဒေသခံပြည်သူ များသာမက အနယ်နယ်အရပ်ရပ်မှ စိတ်ပါဝင်စားသူများ လာရောက် လေ့လာ အပန်းဖြေကြည့်ရှုနိုင်ကြ တော့မည်ဖြစ်ပါကြောင်း သတင်း ကောင်းပါး ရေးသားဖော်ပြလိုက်ရ ပါသည်။ ။

ဆင်တို့၏ စွမ်းရည်ပြပွဲကို ဤသို့ ရင်သပ်ရှုမော အံ့သြဖွယ် တွေ့နိုင်သည်။

18-3 (10) 1 3/18/08, 1:49 AM

ထန်းတပင် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြု တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်

ရန်ကုန် မတ် ၁၇

ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့နံနက်ဈနာရီက ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ရန်ကုန်မြောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသိန်းနိုင်ကထန်းတပင်မြို့နယ်အတွင်း ဖေဖော်ဝါရီ၂၄ရက်မှ မတ်၈ရက်အထိ ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့များဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြ၍ ကလိန်ကျေးရွာမှ ဒေသခံပြည်သူ ဦးသံမဏိက ကျေးဇူးတင်စကား ပြောကြားသည်။

ချီးမြှင့်

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအားဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် တိုင်းမှူးက မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှု တစ်ပြေးညီ ဖြစ်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ထန်းတပင်မြို့နယ်ဆေးရုံ အရှည်ပေ ၁၅၈၀၊ အကျယ် ၁၂ပေရှိ ဘုရင့်နောင်မြို့ပတ်လမ်းဖောက်လုပ်ပြီးစီးမှု၊ အစုကြီးကျေးရွာရှိ လယ်သမားကြီး ဦးမောင်မောင်ထွေး၏ အစေ့ထုတ်ပြောင်း စံပြနှစ်ဧက၊ မရွှေဥကျေးရွာရှိ နွေစပါးစံပြ၂၅ဧကနှင့် အထွက်နှုန်းကောင်း စမ်းသပ်မျိုး ယှဉ်ပြိုင်စိုက်ကွင်းများသို့ သွားရောက်ကြည့်ရှု စစ်ဆေးကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

မဟာဓာတ်အားလိုင်းထိန်းသိမ်းရေး သင်တန်းဆင်းပွဲ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် အမှာစကားပြောကြား

နေပြည်တော် မတ် ၁၇

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် မတ်၁၄ရက်က နေပြည်တော်ရှိ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသော မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း မဟာဓာတ်အားလိုင်း ထိန်းသိမ်းရေးသင်တန်းအမှတ်(၁/၂၀၀၈)ဆင်းပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး မဟာဓာတ်အားလိုင်းမှူးရုံးရှစ်ရုံးအတွက် Chain Saw ရှစ်လက်ကို သက်ဆိုင်ရာတာဝန်ရှိသူများထံပေးအပ်သည်။

တက်ရောက်

အဆိုပါသင်တန်းသို့ မဟာဓာတ်အားလိုင်းမှူးရုံးရှစ်ရုံးမှ သင်တန်းသား ၂၄ဦးတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများ ညီလာခံကျင်းပ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက် ဆွေးနွေးခဲ့

နေပြည်တော် မတ် ၁၇

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ မတ်၁၂ရက်မှ ၁၅ရက်အထိကျင်းပသည့် (၄၃)ကြိမ်မြောက် အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများအဖွဲ့ ညီလာခံနှင့် တတိယအကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးအဖွဲ့အစည်းအဝေးသို့တက်ရောက်ပြီး ယမန်နေ့နံနက် ၉နာရီက လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။ (အပေါ်ပုံ)

ဝန်ကြီးဒေါက်တာချမ်းငြိမ်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဆွေးနွေးခဲ့

ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းသည် အဆိုပါအစည်းအဝေးပွဲများတွင် မြန်မာနိုင်ငံ၏ ပညာရေးဖွံ့ဖြိုးမှုဆောင်ရွက်ချက်များ၊ လူတိုင်းအတွက် ပညာရေးဆောင်ရွက်ချက်များနှင့် ပညာရေးကဏ္ဍ၌ သတင်းအချက်အလက်နှင့် နည်းပညာအသုံးပြုမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ရဟန်းတော်များ ကမ္မဋ္ဌာန်းဆရာဖြစ်သင်တန်း

ရန်ကုန် မတ် ၁၇

သြဝါဒါစရိယ ဆရာတော်ကြီးများ၏ သြဝါဒကိုခံယူ၍ ရာသက်ပန်ဥက္ကဋ္ဌ စာရေးဆရာကြီးမင်းယုဝေ ဦးစီးသော ရန်ကုန်မြို့ လယ်တီမူအနာဂါမ် ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်က ကြီးမှူး ကျင်းပသော ရဟန်းတော်များ သီးသန့်ကမ္မဋ္ဌာန်း ဆရာဖြစ်သင်တန်းကို ပုသိမ်မြို့ မဟာရံသီ ပရိယတ္တိ၊ ပဋိပတ္တိကျောင်းတိုက် (တကောင်းဘုရားအနီး)သရောင်းချောင်း လမ်းတွင် ဧပြီ ၂၇ ရက်မှ ဇွန် ၁၁ ရက်အထိ ဖွင့်လှစ်မည် ဖြစ်သည်။ တက်ရောက်လိုသော ရဟန်းတော်များသည် အစိုးရပထမကြီးတန်းအောင်မြင်၍ သက်တော် ၃၀မှ ၆၀အတွင်းဖြစ်ပြီး အနည်းဆုံး ၁၀ဝါရှိရမည် ဖြစ်သည်။

ယင်းသင်တန်းကို တက်ရောက်လိုသော ရဟန်းတော်များသည် မင်္ဂလာဗျူဟာအသင်းချုပ်ဗုဒ္ဓဘာသာသင်တန်းကျောင်း ဖုန်း-၀၁-၃၇၀၉၅၈၊ ပုသိမ်မြို့ မဟာရံသီပရိယတ္တိ၊ ပဋိပတ္တိကျောင်းတိုက် ဖုန်း-၀၄၂-၂၅၁၅၀၊ ၀၉၅-၂၀၁၄၀၀၊ သန်လျင်မြို့ လယ်တီမူ အနာဂါမ် ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ် ဖုန်း-၀၅၆-၂၁၄၃၂၂တို့သို့ ဧပြီ ၆ရက် နောက်ဆုံးထား၍ လျှောက်လွှာပုံစံများ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

ကျေးရွာချောင်းကူးတံတား တည်ဆောက်ရန်ငွေလှူ

လှိုင်သာယာမြို့နယ် သစ်တံခါး ဆရာတော် ဘဒ္ဒန္တမဏိဇောတ(ယော)၏ သက်တော်(၃၇)နှစ်ပြည့် ဝိဇာတမင်္ဂလာနှင့်ပူဇော်ပွဲကို မကွေးတိုင်း ထီးလင်းမြို့နယ် ထလင်းရွာသဒ္ဒါဓိက ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် သစ်တံခါးဆရာတော်က ဒေသဖွံ့ဖြိုးရေးအတွက် ဘီးလင်းမြို့နှင့် ထလင်းကျေးရွာ မောချောင်းကူး လူကူးကြိုးတံတား ဆောက်လုပ်ရန် သံမဏိကြိုး ပေ၁၇၂၀နှင့် ငွေကျပ်သိန်း ၃၀ကိုတာဝန်ရှိသူများထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။ **(၀၇၁)**

လူငယ်ဖွံ့ဖြိုးရေးကျောင်းသို့ ငွေလှူဒါန်း

ကချင်ပြည်နယ် မိုးကောင်းမြို့ သပြေပင်လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ရာသက်ပန်ငွေပဒေသာပင်အဖြစ် မိုးကောင်းမြို့ နန့်ရင်းရပ်ကွက် အမှတ်(၇၈)နေ ဦးမောင်မြင့်ဇနီးဒေါ်ကြင်ကြင်မိသားစုကိုယ်စား အစ်ကိုဖြစ်သူ ဦးရီဆွေက ငွေကျပ်တစ်သိန်းကို ဖေဖော်ဝါရီ ၁၃ရက်က ဂေဟာသို့လာရောက်လှူဒါန်းရာ ဂေဟာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးညွန့်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ (၀၀၁)

ယာဉ်စည်းကမ်းလမ်းစည်းကမ်းပညာပေး

မန္တလေးတိုင်းမြင်းခြံခရိုင်ရဲတပ်ဖွဲ့မှ ကြီးမှူးကျင်းပသော မူခင်းတားဆီးနှိမ်နင်းရေး အသိပညာပေးဟောပြောပွဲနှင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်း အန္တရာယ်ကျဆင်းရေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၅ရက်က မြင်းခြံမြို့ မဏိကဋ္ဌနာခန်းမ၌ ကျင်းပသည်။ **(၀၈၇)**

မီးဘေးကြိုတင်ကာကွယ်ရေး ဖျာပုံ၌ ဆောင်ရွက်

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်မှုကို ဖေဖော်ဝါရီ၂၉ရက်ကကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဘုန်းမြင့်နှင့်အဖွဲ့က အနီးကပ်ကြီးကြပ်ခဲ့ကြပြီး ခရိုင်မီးသတ်ဦးစီးမှူး ဦးသန်းနိုင်က မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ ရှင်းလင်းဟောပြောပြီး လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ဇာတ်တိုက်လေ့ကျင့်မှုကို မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့များစုပေါင်း ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။ (၁၃၇)

စာသင်ဆောင်ဆောက်လုပ်ရေး ပျော်ဘွယ်၌ ဆွေးနွေး

ပျော်ဘွယ်မြို့ အထက(၂)ပန်းစုံ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ရက်က ကျောင်းခန်းမဆောင်၌ ကျင်းပပြီး တည်ဆောက်ဆဲ လေးခန်းတွဲစာသင်ဆောင်အတွက် ကုန်ကျငွေကျပ်သိန်း၈၀ ခန့်ရှိမည်ဖြစ်ပြီး ယခုအလှူခံရရှိပြီး ငွေသားလက်ကျန်နှင့် လိုအပ်ငွေအခြေအနေများကို ဆွေးနွေးကြသည်။ **(၀၈၅)**

ယဉ်ကျေးမှုနှင့် စာရိတ္တပညာ သင်တန်းဖွင့်

ကျောင်းသား ကျောင်းသူများနှင့်လူငယ်လူရွယ်များ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန် ရည်ရွယ်ချက်(၃)ရပ်ဖြင့် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းကို မတ် ၆ရက် မွန်းလွဲ၁နာရီခွဲက တောင်ပြိုလက်ဝဲ အထကကျောင်းခန်းမ၌ စတင်ဖွင့်လှစ်ခဲ့ရာ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ် ၅၀တက်ရောက်သင်ကြားကြသည်။ (မြို့နယ် ပြန်/ဆက်)

နယ်လှည့်စာကြည့်တိုက်စာဖတ်ဝိုင်း လှိုင်မြို့နယ်၌ကျင်းပ

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှိုင်မြို့နယ်ရုံးက နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို ဖေဖော်ဝါရီ၂၇ရက်က အမှတ်(၆)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင်ကျင်းပရာ ဥက္ကဋ္ဌ ဦးစိုးလှိုင်ညွန့်က အမှာစကားပြောကြားပြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် စာဖတ်ဝိုင်းကျင်းပကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အိတ်ချ်အိုင်ဗွီကင်းစင်ရေး ညှိနှိုင်းဆွေးနွေး

အိတ်ချ်အိုင်ဗွီကင်းစင်သော သွေးကောင်းသွေးသန့်များရရှိနိုင်ရေးအတွက် အသိပေးညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ၂၃ရက်က ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်စိုး၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးကိုကိုကြီးနှင့် ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာ ဦးတင်မောင်ထွေးတို့က အမှာစကားပြောကြားပြီး စေတနာသွေးလှူရှင်အသင်း အတွင်းရေးမှူး ဦးညွန့်လှိုင်နှင့် တက်ရောက်လာသူများက ပြန်လည်ညှိနှိုင်း ဆွေးနွေးကြောင်း သိရသည်။ (၀၇၀)

မီးဘေးကြိုတင်ကာကွယ်ရေး ကောလင်း၌သတိပေး

ကောလင်းမြို့နယ် မီးသတ်ဦးစီးဌာနက ရပ်ကွက်၊ ကျေးရွာကောင်စီဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ပွင့်လင်းရာသီ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတိပြုရေးကို အသံချဲ့စက်ဖြင့် နေ့စဉ် သတိပေးလျက်ရှိသည်။ **(၀၃၂)**

18-3 (11) 1 3/18/08, 1:49 AM

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍအသီးသီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ စီးပွားရေးအဖွဲ့အစည်းများကို စည်းရုံးလက်တွဲ

စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နှစ်ပတ်လည်အစည်းအဝေး ဒုတိယပိုင်းဆက်လက်ကျင်းပ

နေပြည်တော် မတ် ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ဒုတိယပိုင်း အစီအစဉ်များကို ယမန်နေ့မွန်းလွဲ ၂နာရီခွဲက ဆက်လက်ကျင်းပသည်။

အစည်းအဝေး ဒုတိယပိုင်းတွင် သဘာပတိအဖြစ် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားရာ၌ မိမိတို့ ကုန်သည်စက်မှုအသင်းချုပ်သည်၁၉၁၉ ခုနှစ်က စတင် တည်ထောင်ခဲ့သည့် မြန်မာကုန်သည်များအသင်း (Burmese Chamber of Commerce)မှ ဆင်းသက်ပေါက်ဖွား ရှင်သန်လာခဲ့ရသည့် အသင်းတစ်သင်းဖြစ်ကြောင်း၊ ထို့ကြောင့် (၈၉)နှစ် သက်တမ်းရှိသည့် သက်တမ်းရှည် အသင်းကြီး တစ်သင်းအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်လျက်ရှိနေကြောင်း။

တစ်ပြေးညီ

မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)ကို နိုင်ငံတော်၏ စီးပွားရေးကဏ္ဍအသီးသီး ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း၊ စီးပွားရေးနှင့်စက်မှုလက်မှု လုပ်ငန်းဆိုင်ရာ သိပ္ပံနှင့်နည်းပညာ ခေတ်မီ တိုးတက်စေရန်လည်းကောင်း၊ နိုင်ငံတော်အတွက် အကျိုးပြုမည့် အခြားလုပ်ငန်းရပ်များ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း ကြိုးပမ်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရှိ ကုန်သည်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ အခြားစီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့များကိုဦးဆောင်ပြီး စည်းရုံးလက်တွဲ ထိန်းကျောင်း ဆောင်ရွက်ပေးမည့် ဦးဆောင် ကုန်သည်အသင်းကြီး (Leading Chamber) အဖြစ် ၁၉၉၉ခုနှစ် ဧပြီ ၁ရက်တွင် UMFCCI မှ အဆင့်မြှင့်ပြီး ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ယခုအခါတွင် အသင်းသားများအဖြစ် မြန်မာကုမ္ပဏီ ၁၁၇၅၇၊ Enterprise ၁၆၆၉၊ နိုင်ငံခြားကုမ္ပဏီ ၇၇၂၊ သမဝါယမအသင်း ၁၉၀နှင့် ပုဂ္ဂလိက တစ်ဦးချင်း ၂၉၆၆ဦးရှိသည့်အတွက် အသင်းသားစုစုပေါင်း ၁၇၃၅၄ ဦး ရှိနေပြီဖြစ်ကြောင်း၊ ထို့အပြင် ရာသက်ပန် အသင်းသားများအနေဖြင့်လည်း၂၁ဦး တိုးလာသည့်အတွက် စုစုပေါင်း ၄၉ဦး ဝင်ရောက်ထားကြပြီးဖြစ်ကြောင်း။

စဉ်ဆက်မပြတ်

ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် ပြည်တွင်း ခရီးများသာမက နိုင်ငံတကာအတွေ့အကြုံ၊ အသိအမြင် ဗဟုသုတများ တိုးပွားရန်အတွက် အမှုဆောင်များနှင့် အသင်းသားများကို ပြည်ပတွင်ကျင်းပသည့် သင်တန်းများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ လေ့လာရေးခရီးများကို စဉ်ဆက်မပြတ် စေလွှတ်ပေးလျက် ရှိရာတွင် ပြီးခဲ့သည့် ၂၀၀၇-၂၀၀၈ခုနှစ်အတွင်း ပြည်ပနိုင်ငံ ၁၅နိုင်ငံကို ကိစ္စရပ်၇၁မျိုးအတွက် လူပေါင်း၂၂၃ဦးကို စေလွှတ်နိုင်ခဲ့ကြောင်း။

တီထွင်ဆန်းသစ်

ထို့အပြင်ပြည်ပနိုင်ငံလေးနိုင်ငံတွင် ကျင်းပခဲ့သည့် နိုင်ငံတကာပြပွဲပေါင်း ခုနစ်ခုကို လူပေါင်း ၅၃၇ဦး စေလွှတ် တက်ရောက်ပြီး ပြခန်းများ ခင်းကျင်းပြသ စေနိုင်ခဲ့ကြောင်း၊ ဤကဲ့သို့ ပြည်ပပြပွဲများ ပြသခဲ့သည့် အနက် ၂၀၀၇ခုနှစ် အောက်တိုဘာ၂၈ရက်မှ ၃၁ရက်အထိ တရုတ်ပြည်ကွမ်ရှီးပြည်နယ် Nanningမြို့၌ ပြသသည့် 4 th China-ASEAN Expo 2007 ပြပွဲတွင် မိမိတို့မြန်မာနိုင်ငံပြခန်း များသည် စည်းရုံးဆောင်ရွက်မှုအကောင်းဆုံးဆုနှင့် မိမိတို့အသင်းချုပ်က တာဝန်ယူ တည်ဆောက်ပြသခဲ့သည့် မြန်မာနိုင်ငံကိုယ်စားပြု National Pavilion မှာ City of Port ရန်ကုန်ဆိပ်ကမ်းကို ပုံစံငယ်နှင့်လှပသပ်ရပ်စွာ တည်ဆောက် ပြသနိုင်ခဲ့သည့်အတွက် အကောင်းဆုံး တီထွင်ဆန်းသစ်ဆု (The Best Creativity Award)ကို ဆွတ်ခူးရရှိခဲ့ပါကြောင်း။

လက်ခံတွေ့ဆုံ

မြန်မာနိုင်ငံကိုလာရောက်ကြသည့် ပြည်ပနိုင်ငံများက စီးပွားရေးလုပ်ငန်းရှင်များနှင့် နိုင်ငံတကာ စီးပွားရေးနှင့် ကုန်သည်အဖွဲ့အစည်းများက ကိုယ်စားလှယ်များကိုလည်း မိမိတို့ ကုန်သည်စက်မှု အသင်းချုပ်အနေဖြင့် လက်ခံတွေ့ဆုံဆွေးနွေးမှုများ ကျင်းပခဲ့ရာတွင် ပြီးခဲ့သည့်နှစ်က ပြည်ပနိုင်ငံပေါင်း ၁၇နိုင်ငံက နိုင်ငံခြား ဧည့်သည်၇၂၅ဦး လာရောက်တွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း၊ ဤအထဲတွင် တရုတ်နိုင်ငံက ၃၄၅ဦးဖြင့် အများဆုံး လာရောက်ခဲ့ကြောင်း၊ ဗီယက်နမ်က ၁၄၃ဦးဖြင့် ဒုတိယအများဆုံးဖြစ်ကြောင်း။

ကျွမ်းကျင်သူပညာရှင်

ဤသို့ ပြည်ပကလာရောက်သည့် ဧည့်သည်များ၊ ကျွမ်းကျင်သူ ပညာရှင်များနှင့် မိမိတို့ ကုန်သည်စက်မှုအသင်းချုပ်တို့ပူးပေါင်းပြီး Business Forum Seminar နှင့် Business Meeting များကို ငါးကြိမ်ကျင်းပခဲ့ရာတွင် နိုင်ငံခြားဧည့်သည် ၄၂၀နှင့် မြန်မာနိုင်ငံက ၆၈၀တက်ရောက်ခဲ့ကြကြောင်း။

ပိုမိုတိုးချဲ့

မိမိတို့ ပုဂ္ဂလိက စီးပွားရေးကဏ္ဍအနေဖြင့် ရှေ့ကို ဆက်လက်ကြိုးစားရန် ရည်မှန်းထားသည့်လုပ်ငန်းများမှာ မြေလွတ်မြေရိုင်းများကို ဖော်ထုတ်ပြုပြင်ပြီး ပြည်ပပို့ကုန်သီးနှံများ တိုးချဲ့စိုက်ပျိုးကြရန်၊သီးနှံများစိုက်ပျိုးရာတွင် တစ်ဧကအထွက်နှုန်း တိုးတက်အောင်ကြိုးပမ်းဆောင်ရွက်ကြရန်၊ အရည်အသွေးမြင့်မားပြီး ပြည်ပဈေးကွက်အကြိုက် အဆင့်မီသီးနှံများ ထုတ်လုပ်ရောင်းချတင်ပို့နိုင်ရန်၊ ထုတ်ကုန်ပစ္စည်းများကို Value Added ပြုလုပ်ပြီး ဈေးနှုန်းကောင်းကောင်းရရှိစေရန်၊ ပြည်ပဈေးကွက်များကို ပိုမိုတိုးချဲ့ ထိုးဖောက်ဝင်ရောက်ပြီး ရောင်းချနိုင်ရေးတို့ပင်ဖြစ်ကြောင်း။

မှန်ကန်မြန်ဆန်ရေး

မိမိတို့ အသင်းချုပ်သည် အသင်းသားများနှင့် ညီနောင် အသင်းများ၏ စုပေါင်းညီညာ စည်းလုံး ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုများ၊ ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများ၏ပံ့ပိုးကူညီမှုများ၊ နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုများကြောင့် ဤသို့အောင်မြင်မှုများ စဉ်ဆက်မပြတ် ရရှိခဲ့ခြင်းဖြစ်သည့်အတွက် အားလုံးကို ကျေးဇူးတင်ရှိပါကြောင်းနှင့် ဤအောင်မြင်မှုများကို ထိန်းသိမ်းပြီး ဆတက်ထမ်းပိုးအောင်မြင်အောင် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ အထူးဧည့်သည်များအဖြစ် တက်ရောက်လာကြသော ပို့ကုန်သွင်းကုန်လုပ်ငန်းများ မှန်ကန်မြန်ဆန်ရေးအဖွဲ့ ဥက္ကဋ္ဌ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများ မှန်ကန်မြန်ဆန်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နာယက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့က အသီးသီးအမှာစကား ပြောကြားကြသည်။

အတည်ပြု

ဆက်လက်၍အသင်းချုပ်အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က အလုပ်အမှုဆောင်အဖွဲ့၏ ၂၀၀၇-၂၀၀၈ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြပြီး အစည်းအဝေး၏ အတည်ပြုချက်ကို ရယူသည်။

ယင်းနောက်သဘာပတိ ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဆက်ကပ်လှူဒါန်း

ပဲခူးမြို့နယ် အင်းတကော်စံပြကျေးရွာ တောင်ကိုးလုံးရှိ နန်းတော်ဦးတောရကျောင်းတွင် တည်ထားဆဲ ဣန္ဒာသယပြည်လုံးချမ်းသာ နန်းဦးစေတီတော်အတွက် တေးသံရှင် သရုပ်ဆောင် မရတနာမိုင်က အလှူတော်ငွေကျပ် သိန်း၃၀ကို စေတီတော်တည်ဆောက်ရေး ဦးစီးဆရာတော် ဘဒ္ဒန္တဝါယမိန္ဒထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ယာဉ်မတော်တဆမှု လျှော့နည်းပပျောက်ရေး စစ်ဆေး

ရန်ကုန် မတ် ၁၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်ရုံးမှ ခရိုင်ဦးစီးမှူးဦးသိန်းဦး(လက်ထောက်ညွှန်ကြားရေးမှူး) ဦးဆောင်သောအဖွဲ့သည် ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့တို့ ပူးပေါင်း၍ မတ်၅ရက်က ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဗဟိုလမ်း (ဗဟိုလမ်းနှင့်ဘူတာလမ်းထောင့်)ပေါ်တွင် သွားလာမောင်းနှင်လျက်ရှိသည့် ယာဉ်နှင့်ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေးအတွက် သတ်မှတ်လိုင်စင်ဖြင့် မောင်းနှင်ခြင်း ရှိ/ မရှိ၊ ယာဉ်တွင် ပါရှိရမည့် အစိတ်အပိုင်းများပြည့်စုံစွာပါရှိခြင်း ရှိ/မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်ခြင်း ရှိ/မရှိတို့ကို စစ်ဆေးအရေးယူခဲ့ပြီး ပညာပေးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

တောင်ငူမြို့နယ်အသင်း ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများပူဇော်မည်

ရန်ကုန် မတ် ၁၇

မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ နိမ္မလ ကျွဲပွဲမြို့၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝိဇ္ဇာနန္ဒအုတ်တွင်းမြို့၊ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကေသရ ညောင်ပင်ကြီးရွာ၊ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ကလျာဏ သပြေစမ်းကျောင်းတောင်ငူ၊ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ စန္ဒောဘာသ လေးမိုင်ရွာဦးကျောင်း တောင်ငူတို့အား ပူဇော်ကန်တော့ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးကိုတောင်ငူမြို့နယ်အသင်း(အုတ်တွင်း၊ထန်းတပင်အပါအဝင်)မှကြီးမှူး၍ မတ် ၂၃ရက် (တနင်္ဂနွေနေ့)နံနက်၈နာရီတွင် ဗဟန်း ၂လမ်းရှိ ရှေ့နေချုပ်ရုံးဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဥက္ကဋ္ဌဦးထွန်းထွန်း(ဘုရင့်နောင်သင်္ကန်းတိုက်) ဖုန်း-၅၄၃၉၅၈၊ ၀၉-၅၀-၀၁၉၀၃၊ အတွင်းရေးမှူး ဦးတင်လှ ဖုန်း-၇၂၂၇၈၅နှင့် ဘဏ္ဍာရေးမှူးဒေါ်မြင့်မြင့်စန်း ဖုန်း-၅၁၉၅၁၉နှင့် ၀၉-၅၁-၂၅၄၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

စိုက်ပျိုးရေးအတွက် ဇီဝသဘာဝမြေဩဇာတင်သွင်းဖြန့်ချိ

ရန်ကုန် တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကွမ်းခြံကုန်းကျေးရွာရှိ တောင်သူလယ်သမားများအား သဇင်နိုင်ထရေးဒင်းကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ဇီဝသဘာဝဓာတ်မြေဩဇာများအကြောင်း ရှင်းလင်း ပြောကြားစဉ်။ **(သတင်းစဉ်)**

ရန်ကုန် မတ် ၁၇

စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံမှ တောင်သူလယ်သမားများအတွက် ဇီဝသဘာဝမြေဩဇာများကို သဇင်နိုင်ထရေးဒင်းကုမ္ပဏီလီမိတက်က တင်သွင်း၍ ဖြန့်ချိလျက်ရှိသည်။ ထိုင်းနိုင်ငံ Petchnumfah Co., Ltd. မှထုတ်လုပ်သည့် Super J.K.A 4, Petchkue, Crown နှင့် စိန်နှစ်ပွင့် အမှတ်တံဆိပ် ဇီဝသဘာဝမြေဩဇာများကို မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိလျက်ရှိသည်။

ကာကွယ်

ယင်းဇီဝမြေဩဇာသုံးစွဲခြင်းကြောင့် မြေဆီလွှာများခန်းခြောက်ခြင်း၊ ပပ်ကြားအက်ခြင်းများမှ ကင်းဝေးခြင်း၊ မြေသားအတွင်းရှိ အဏုဇီဝပိုးများရှင်သန်ခြင်းကြောင့် မြေသားမွခြင်း၊ အမြစ်များကြီးထွား သန်မာစေခြင်းကြောင့် အာဟာရများပိုမိုစုပ်ယူပြီး အပင်ကြီးထွားနှုန်းလျင်မြန်ခြင်း၊ အပင်များ၌ ရောဂါပိုးမွှားများမကျရောက်နိုင်ခြင်း၊ သဘာဝသတ္တုဓာတ်များဖြင့် ထုတ်လုပ်ထားသဖြင့် အပင်အားလုံးအတွက် အသုံးဝင်ခြင်း၊ အသီးအနှံများ၏ အရောင်အဆင်း၊ အနံ့အရသာမှာ သဘာဝအတိုင်းဖြစ်ပေါ်ခြင်း၊ ခူးဆွတ်ပြီး အသီးအနှံအပွင့်အရွက်များကြာရှည်စွာထားနိုင်ခြင်း၊ ဇီဝသဘာဝမြေဩဇာတစ်ခုတည်းကိုသာ သုံးစွဲခြင်းကြောင့် သဘာဝအလျောက်ကျရောက်သည့် မြေအောင်းရောဂါပိုးများကို ကာကွယ်သဖြင့် ကုန်ကျစရိတ် သက်သာစေသည်။ ထို့ပြင် မြေဆီလွှာကို ပြန်လည်ကောင်းမွန်စေရန် ထိန်းသိမ်းထားသဖြင့် ရေရှည်အသုံးပြုပါက ကုန်ကျစရိတ်သက်သာပြီး စီးပွားရေးအရတွက်ခြေကိုက်သည်။ လူနှင့်တိရစ္ဆာန်တို့ကို ကျန်းမာရေးအရ ထိခိုက်မှုမရှိဘဲ ပတ်ဝန်းကျင် ညစ်ညမ်းမှုကိုလည်း ကာကွယ်ပေးသည်။

Super J.K.A 4, Petchkue, Crown နှင့် စိန်နှစ်ပွင့် အမှတ်တံဆိပ် ဇီဝသဘာဝမြေဩဇာများကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း အိုလံပစ်တာဝါ Level (13) အခန်း ၁၃၀၁ရှိ သဇင်နိုင်ထရေးဒင်းကုမ္ပဏီလီမိတက် ဖုန်း- ၂၅၆၆၁၉၊ ၃၉၂၅၃၄၊ ၂၄၅၆၀၈၊ Fax-၃၉၂၅၃၄တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● ရှေ့ဖုံးမှ

ရာသီမရွေး

အဆိုပါ သစ်ပုတ်ကုန်း-ကွင်းပေါက်ကြီး ကျေးလက်ကျောက်ချောလမ်းသစ်မှာ အရှည်နှစ်မိုင် (၁ ဒသမ ၈ဖာလုံ)၊ အကျယ် ၁၀ပေ ရှိကာ ပုသိမ်-ငွေဆောင် ကားလမ်းမကြီးသို့ ဆက်သွယ်သည့် လမ်းတစ်လမ်းဖြစ်၍ ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အဖွဲ့ရန်ပုံငွေဖြင့် တာဝန်ယူဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး လမ်းပြီးစီးသွားသဖြင့် သစ်ပုတ်ကုန်းကျေးရွာအုပ်စု အတွင်းရှိ သစ်ပုတ်ကုန်း၊ တိုက်ကြီးကုန်း၊ ပိတောက်ချောင်း၊ ဘန့်ဘွေးကုန်း၊ ကြခတ်ချောင်း၊ နတ်ကကုန်းနှင့် ရွာသစ်ကုန်းကျေးရွာ ခုနစ်ရွာ၊ ကွင်းပေါက်ကြီးကျေးရွာအုပ်စုအတွင်းရှိ ကွင်းပေါက်ကြီးနှင့် အိမ်ချောင်းလေးကျေးရွာ နှစ်ရွာတို့မှ ပြည်သူများအနေဖြင့် ရန်ကုန်မြို့နှင့် ပုသိမ်မြို့များသို့ လွယ်ကူချောမွေ့စွာ ရာသီမရွေးသွားလာနိုင်ပြီဖြစ်သည်။

ထို့မှတစ်ဆင့် တိုင်းမှူး၊ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးတို့သည် ပုသိမ်မြို့ တိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ရုံးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကိုလည်းကောင်း၊ တိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ရုံးအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကိုလည်းကောင်း၊ ပုသိမ်မြို့ အနော်ရထာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် အကျယ်ခြောက်ပေ ကတ္တရာတိုးချဲ့ခင်းခြင်းဖွင့်ပွဲအခမ်းအနားကို လည်းကောင်း တက်ရောက်ခဲ့ကြသည်။

တာဝန်ယူဆောင်ရွက်

အနော်ရထာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းမှာ အရှည် ပေ ၂၁၀၀၊ အကျယ်ပေ၂၀ရှိပြီး စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေနှင့် ပြည်သူလူထုထည့်ဝင်ငွေတို့ဖြင့် ပူးပေါင်းကာ ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခြင်းဖြစ်သည်။

ယင်းလမ်းပြီးစီးသွားသဖြင့် ပုသိမ်တက္ကသိုလ်သို့ တက်ရောက်လျက်ရှိကြသော ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်ပြည်သူများ လွယ်ကူချောမောစွာ သွားလာနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဟာနဝင်းစေတီတော် ထီးတော်တင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၇

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဗဟိုလမ်း(ရှမ်းလမ်း)ရှိ အောင်မင်္ဂလာသိဒ္ဓိစာသင်တိုက်အတွင်း ဆရာတော် ဘိုးပေါက်ဆိန် ဓာတ်ပန္နက်ရိုက်ခဲ့ပြီး ၁၃၄၅ခုနှစ်က ဘဝဆက်ပဋ္ဌာန်းဆက် ပါရမီရှင်ခုနစ်ရက်သားသမီးများ တည်ထားကိုးကွယ်၍ ထီးတော်တင်လှူပူဇော်ခဲ့သော မဟာနဝင်းစေတီတော်နှင့် အရံစေတီတော်ရှစ်ဆူတို့အား အသစ်ထပ်မံ၍ ရွှေထီးတော်တင်လှူပွဲ၊ ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ရွှေရေစက်ချအခမ်းအနားကို မတ် ၂၁ရက် (တပေါင်းလပြည့်) သောကြာနေ့ မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်ရာ ခုနစ်ရက်သားသမီးများ လာရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

ဘုရားဖူးခရီးထွက်မည်

ရန်ကုန် မတ် ၁၇

ရခိုင်သဟာယအသင်း (ရန်ကုန်)က ကြီးမှူး၍ ကျိုက်လတ်မြို့သို့ မတ် ၂၇ရက် (တပ်မတော်နေ့) နံနက်၆နာရီတွင် နှစ်ထပ်သဘော်ကြီးဖြင့် နေ့ချင်းပြန် ဒေသန္တရလေ့လာရေး မိတ်ဆုံ အပန်းဖြေနှင့် ဘုရားဖူးခရီးထွက်မည်ဖြစ်ရာ ဦးကျော်ဇံလှ ဖုန်း-၅၅၆၂၂၁၊ ဦးခင်မောင်စိုး ဖုန်း-၅၅၂၁၂၆၊ဦးကျော်ရင် ဖုန်း-၀၉-၅၁-၂၆၄၈၉၊ ဦးရွှေသိန်းကျော် ဖုန်း-၀၉-၅၀-၀၂၇၉၅ နှင့် ဦးထွန်းနိုင် ဖုန်း-၀၉-၅၀-၁၃၈၈၇ တို့ထံတွင် လက်မှတ်များ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် သဘော်ပေါ်တွင် အစားအသောက်နှင့် ပျော်ပွဲရွှင်ပွဲများပါရှိကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် ၂လမ်းရှိ ရတနာပဉ္စမမွေရိပ်သာကျောင်းတိုက်တွင် ဆောက်လုပ်လျက်ရှိသော စိတ္တဝိဝေကလေးထပ်ကျောင်းတော်ကြီးအတွက် သမိုင်း (၁)ရပ်ကွက် ၂ လမ်းနေ ဦးသန်းရှိန်အားအမှူးပြု၍ ကိုအေးမင်းစိုး-မမြင့်မြင့်ဦးမိသားစုက ဆရာတော် ကမ္မဋ္ဌာနာစရိယ အရှင်ဇေယျာနန္ဒ(ပုဂံ) ရှေ့မှောက်၌ အလှူငွေကျပ်၁၀သိန်းကို လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေးကော်မတီဝင်ဦးသန်းမောင်က လက်ခံယူစဉ်။ (က-ပ)

ယဥ်ကျေးလိမ္မာ ဗုဒ္ဓဘာသာ နွေရာသီ အင်္ဂလိပ်-မြန်မာ သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၁၇

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၏ ယဥ်ကျေးလိမ္မာ ဗုဒ္ဓဘာသာ နွေရာသီ အင်္ဂလိပ်-မြန်မာ သင်တန်းကို ဧပြီ၂ရက်မှ မေ ၁၇ရက်အထိ နံနက်စနာရီမှစ၍ ကျောင်းတော်ကြီး၌ သင်ကြားပို့ချမည်ဖြစ်ရာ တက်ရောက်လိုသော ကျောင်းသား၊ ကျောင်းသူများသည် ကျောင်းတော်ကြီးရုံးဖုန်း-၅၄၄၉၃၈ သို့ ဆက်သွယ်ကာ ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံနှင့်အတူ လူကိုယ်တိုင်လာရောက်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ကျောင်းသားဦးရေကန့်သတ်ထားသဖြင့် သင်တန်းဝင်ခွင့်လျှောက်လွှာများ တင်သွင်းကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

ပြင်ဦးလွင်၌ ဆွမ်းဆန်တော်လှူဒါန်း

ရန်ကုန် မတ် ၁၇

ပြင်ဦးလွင်မြို့နယ် သံဃနာယကအဖွဲ့က ကြီးမှူးကျင်းပသော ပထမအကြိမ် ဆွမ်းဆန်တော် ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကို မတ် ၂ရက် မွန်းလွဲ ၁နာရီက မြို့နယ်ဥပဓ္ဓမ္မာကအဖွဲ့ ဆွမ်းလောင်းဓမ္မာရုံ၌ ကျင်းပခဲ့ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်၊ အတွင်းရေးမှူး ဦးအောင်သီထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့် ဖိတ်ကြားထားသူများ၊ ရပ်ကွက်၊ ကျေးရွာများမှ အလှူရှင်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ် သံဃနာယကအဖွဲ့အကျိုးတော်ဆောင် ပုညကာရီခဲလယ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနန္ဒိသေနက ငါးပါးသီလ တရားချီးမြှင့်ပြီး ဆရာတော်ကြီးများထံ အလှူရှင်များကဆွမ်းဆန်တော်များဆက်ကပ်လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

■ ကျောဖုံးမှ

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ ရန်ကုန် စီးပွားရေး တက္ကသိုလ်နှင့် ရေကြောင်းပညာသိပ္ပံတို့မှ တာဝန်ရှိသူများ၊ ဘာသာရပ်ဆိုင်ရာပညာရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေးပြောကြား

ထို့နောက် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်က အာဆီယံဒေသတွင်း စီးပွားရေးပေါင်းစည်းမှုပန်းတိုင်အဖြစ် အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community) ထူထောင်ရန် အထူးဦးစားပေး ကဏ္ဍ (၁၂)ရပ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေတင်ပြချက်ကို ဆွေးနွေးပြောကြားသည်။

ဖတ်ကြား

ဆက်လက်၍ စာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲကို ကျင်းပရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြန်မာ့မီးရထား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက ကြီးကြပ်သူအဖြစ် ဆောင်ရွက်ကြပြီး စာတမ်းရှင် ခြောက်ဦးတို့က ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းစဉ် ချောမွေ့စွာဆောင်ရွက်နိုင်မည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု အပြည့်အဝအသုံးချရေး (Fully Utilization of Infrastructure Development) စာတမ်းကို ဖတ်ကြားဆွေးနွေးပြီး တာဝန်ရှိသူများက သက်ဆိုင်ရာစာတမ်းများကို ကဏ္ဍအလိုက် ဖတ်ကြား ဆွေးနွေးကြကာ ပထမနေ့အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မတ်၁၈ရက်**(ယနေ့)**ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

အမေရိကန်၌ မုန်တိုင်းဒဏ်ကြောင့် သေဆုံးသူတိုးလာ အဆောက်အအုံများပြိုကျမှုကြောင့် ပျောက်ဆုံးသူများရှိနေ

အတ္တလန္တာ မတ် ၁၇

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ်တွင် မတ်၁၅ရက်က အင်အားပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လူသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ဖြတ်သန်းတိုက်ခတ်

အဆိုပါမုန်တိုင်းသည် တစ်နာရီ မိုင် ၁၃၀ နှုန်းဖြင့် ဂျော်ဂျီယာပြည်နယ် အရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသများကို ဖြတ်သန်းတိုက်ခတ်သွားရာ သေဆုံးသူငါးဦးအထိတိုးလာပြီး ဒဏ်ရာရရှိသူ ၅၀ ကျော်အထိ ရှိလာခဲ့သည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် ဓာတ်အားကြိုးများပြတ်တောက်ပြီး တာဝါတိုင်များပြိုလဲကာ ပင်လယ်ပြင်နှင့် ကမ်းခြေဒေသများ၌ စက်လှေများ တိမ်းမှောက်ခဲ့ပြီး (အောက်ပုံ) **ဂျော်ဂျီယာပြည်နယ် နေရာဒေသ အများအပြားတွင် ဓာတ်အားပြတ်တောက်မှုများနှင့် ကြုံတွေ့နေရသည့် ဒေသခံများမှာ ၁၀၀၀၀ကျော် ရှိကြောင်း သိရသည်။**

အမြန်ဆောင်ရွက်ပေး

ဂျော်ဂျီယာပြည်နယ် အတ္တလန္တာမြို့၌ မုန်တိုင်းဒဏ်ကြောင့် အထပ်မြင့်အဆောက်အအုံများ ပြိုကျခဲ့သဖြင့် ပျောက်ဆုံးနေသူများအား ကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆောင်ရွက်ပေးလျက်ရှိရာ သေဆုံး၊ ဒဏ်ရာရရှိသူ အရေအတွက် တိုးမြင့်လာဖွယ်ရှိကြောင်း အတ္တလန္တာမြို့ရဲတပ်ဖွဲ့က ပြောကြားသည်။



မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

သံပရာရည်ပုံမှန်သောက်လျှင် ကင်ဆာဆဲလ်များသေစေနိုင်

သံပရာသီးကား အစိမ်းရောင်နှင့် အဝါရောင်တို့ရှိသည်။ ချဉ်သော အရသာရှိသလို အနည်းငယ်ဖန်သော အရသာလည်းရှိသည်။ နှစ်စဉ် ဇွန်၊ ဩဂုတ်လတို့၌ လှိုင်လှိုင်ပေါများစွာ ထွက်လေ့ရှိသည်။

သံပရာသီး **(အောက်ပုံ)**တွင် ဗီတာမင်စီဓာတ် ၄၅ရာခိုင်နှုန်းပါရှိပြီး ကယ်လိုရီဓာတ် အနည်းငယ်လည်းပါဝင်သလို အခြားဓာတ်အချို့လည်း ပါဝင်ကြောင်း ဗြိတိန် သုတေသနပညာရှင်များက ပြောကြားသည်။

သံပရာရည်ကို နေ့စဉ် တစ်ဖန်ခွက် သောက်သုံးပေးပါက ကင်ဆာဆဲလ်များကို သေစေနိုင်ပြီး ခန္ဓာကိုယ်တွင်း၌ ကိုလက်စထရော များပြားနေမှုကို သိသိသာသာကျဆင်းစေသည်ဟု အဆိုပါ သုတေသနပညာရှင်များက ပြောကြားသည်။

အနောက်အာဖရိကကျေးရွာများတွင် ကာလဝမ်းရောဂါဖြစ်ပွားနေသူများအား သံပရာရည်သောက်သုံးစေခြင်းဖြင့် ကာလဝမ်းရောဂါဖြစ်ပွားမှုကို ဟန့်တားစေနိုင်သည်ဟုဆိုသည်။ ကာလဝမ်းရောဂါအတွက် အနောက်အာဖရိက၌ လူတိုင်းအသုံးပြုသည့် အသီးတစ်မျိုးလည်းဖြစ်သည်။

ထို့အပြင် ခန္ဓာကိုယ်တွင်း သွေးကြောပိတ်ဆို့မှုများကို ကာကွယ်နိုင်ပြီး အစာချေဖျက်မှုစနစ်ကိုလည်း လျင်မြန်စေရန် အထောက်အကူပေးကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။ တစ်ဖန် နှလုံးရောဂါနှင့် သွေးကြောနံရံများ ပျက်စီးနေမှုကိုလည်း ကာကွယ်ပေးနိုင်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၃-၂၀၀၈(အင်္ဂါနေ့)

AM & PM

၇:၀၀ - ၁:၀၀	MRTV-4 အဖွင့် Logo
	ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅	**'ကံ၏ရောင်ပြန်ပဲ့တင်သံ' တရားတော် (ပထမပိုင်း) ဘဒ္ဒန္တပညာဝံသ (ပုပ္ပားစကားဝါမြေဆရာတော်)**
၇:၅၀ - ၁:၅၀	ညွှတ်နူးအယူရှိခိုးမှု တုကျွန်း ဇမ္ဗူအောင်လံထူ
၈:၁၀ - ၂:၁၀	တေးဂီတအစီအစဉ်
၈:၁၅ - ၂:၁၅	Sunday Talk
၉:၀၀ - ၃:၀၀	တေးဂီတအစီအစဉ်
၉:၀၅ - ၃:၀၅	အစွမ်းထက်မြက် ဆေးတစ်လက်
၉:၂၀ - ၃:၂၀	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀ - ၃:၃၀	ဝေဒနာနုပဿနာ (အပိုင်း-၂)(ဆရာကြီး ဦးရွှေအောင်)
၁၀:၀၀ - ၄:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅ - ၄:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၀ - ၄:၁၀	Say it in English
၁၀:၂၅ - ၄:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀ - ၄:၃၀	မိုးလေဝသခန့်မှန်းချက်
၁၀:၃၅ - ၄:၃၅	လင်းလက်တောက်ပ သဘော်ဆေးအလှ
၁၀:၅၅ - ၄:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀ - ၅:၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၀ - ၅:၁၀	Biz Net
၁၁:၂၅ - ၅:၂၅	တေးဂီတအစီအစဉ်
၁၁:၃၀ - ၅:၃၀	Activites in the City
၁၁:၄၅ - ၅:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၀ - ၅:၅၀	စားချင်စဖွယ် နည်းအသွယ်သွယ် [ကွတ်ကီး(စ်)မုန့်]
၁၂:၀၅ - ၆:၀၅	တေးဂီတအစီအစဉ်
၁၂:၁၀ - ၆:၁၀	တစ်ကျော့ပြန်တီဘီ (အပိုင်း-၃) [ဒေါက်တာဇေစိုး]
၁၂:၂၅ - ၆:၂၅	Music Gallery (အချစ်သီချင်းများ စုစည်းတင်ဆက်မှု)
၁၂:၅၀ - ၆:၅၀	တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ဘဲမွေးမြူရေး)
၁:၀၀ - ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မန္တလေးအက်ဖ်အမ်ရေဒီယို စတင်ထုတ်လွှင့်တော့မည်

နေပြည်တော် မတ် ၁၇

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့၏ ကြီးကြပ်မှုဖြင့် မန္တလေးမြို့၌ Mandalay FM ရေဒီယိုကို ၂၀၀၈ခုနှစ် ဧပြီ ၃ရက်တွင် စတင်စမ်းသပ်ထုတ်လွှင့်မည်ဖြစ်ပြီး ဧပြီ ၁၇ရက် (မြန်မာနှစ်ဆန်းတစ်ရက်)မှစတင်၍ ပုံမှန်ထုတ်လွှင့်မည်ဖြစ်သည်။ Mandalay FM ရေဒီယိုကို လှိုင်းနှုန်း (91.9MHz) ဖြင့် ဖမ်းယူနားဆင်နိုင်သည်။

ကဏ္ဍစုံလင်

အဆိုပါ Mandalay FM ရေဒီယိုအတွက် အသုံးပြုမည့် အထိမ်းအမှတ်တံဆိပ် Logo ကို ပြိုင်ပွဲကျင်းပ၍ ရွေးချယ်မည်ဖြစ်ကြောင်းနှင့် ရွေးချယ်ခံရသူအား ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲသို့ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး မိမိတို့၏ အနုပညာဖန်တီးမှုများကို မတ်၂၅ရက် နောက်ဆုံးထား၍ ပေးပို့ကြရမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသော စည်းကမ်းချက်များကို ပြိုင်ပွဲဖိတ်ခေါ်ကြော်ငြာတွင် အသေးစိတ်ဖော်ပြထားကြောင်း၊ Mandalay FM ရေဒီယိုတွင် ပြည်သူကြိုက်နှစ်သက်မည့် အစီအစဉ်များကို ကဏ္ဍစုံလင်စွာ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိတ္ထီလာတွင် ရေကောင်းရေသန့်နှင့် ရေဖူလုံစွာရရှိရေး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပေး

မိတ္ထီလာ မတ် ၁၇

မိတ္ထီလာမြို့ပေါ်တွင် ရပ်ကွက်ကြီး ၁၄ရပ်ကွက်ရှိသည်။ မိတ္ထီလာမြို့ပေါ်တွင် လူဦးရေ ၁၅၀၀၀၀နီးပါးရှိသည်။ မိတ္ထီလာမြို့လူဦးရေ၏ ရေလိုအပ်ချက်မှာ ဂါလန် ၂ဒသမ၂သန်းဖြစ်သည်။ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ်ရှိ ၁၁ရပ်ကွက်မှမြို့လူထုကို မိတ္ထီလာကန်ရေဖြင့် နေ့စဉ် ရေဂါလန် ၁ဒသမ၂သန်း ဖြန့်ဝေပေးနေသည်။ မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သောက်သုံးရေ ဖူလုံရေးအတွက် ရေစက်ရုံခြောက်ရုံမှ မော်တာပန့် ၁၂လုံးဖြင့် မြို့မ ၄ရပ်ကွက်၊ ဈေးအရှေ့ပြင်ရပ်ကွက်၊ ရတနာမာရ်အောင်ရပ်ကွက်၊ သီရိမင်္ဂလာရပ်ကွက်၊ ရန်မျိုးအောင်၊ ကျီတော်ကုန်း၊ နန်းတော်ကုန်း၊ ဝန်ဇင်းရပ်ကွက်နှင့် အောင်ဆန်းရပ်ကွက်တို့ကို နေ့စဉ်ရေဖြန့်ဝေပေးနေသည်။

ဆောင်ရွက်

မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ် ၁၁ရပ်ကွက်ရှိ အိမ်ခြေ ၁၁၀၀၀ကျော်ကို ရေတိုင် ၄၇၆၀ တိုင်နှင့်အများသုံးကန်၁၆ကန်တို့မှ လူဦးရေ ၆၀၀၀၀ကျော်တို့အားနေ့စဉ်ရေဖြန့်ဝေပေးနေသည်။မိတ္ထီလာမြို့လူထုကို ရေပေးဝေရာတွင် လျှပ်စစ်မီးရရှိမှုပေါ်မူတည်၍ ရေပေးဝေနေရသည်။ မိတ္ထီလာမြို့ပေါ်ရှိရပ်ကွက်များသို့ ရေမီတာ ၁၇၁၄လုံးတပ်ဆင်ပေးထားသည်။ မြို့လူထုကျန်းမာရေးနှင့်ကိုက်ညီသည့် ရေကောင်းရေသန့် ရရှိစေရန် မိတ္ထီလာကန်ရေအား ရေစိမ့်ကန်များ တည်ဆောက်၍ ပိုးမွှားသန့်စင်စေရန် ကလိုရင်းခတ်စက်များတပ်ဆင်၍ပေးရန် စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်သည်။

ဖြန့်ဝေရန်စီစဉ်

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်တင် ဦးဆောင်၍ မိတ္ထီလာမြို့လူထုသန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် မဟာစည်မြေအောက်ရေပေးရေးစီမံကိန်းမှ မြို့လူထုသောက်သုံးရန်အတွက် ၁၀လက်မအဝီစိတွင်းငါးတွင်း၊ လေးလက်မအဝီစိတွင်းမှ ထွက်ရှိသောရေများကို ဂါလန် ၂၀၀၀၀၀ဆံ့ရေလှောင်ကန်မှတစ်ဆင့်မြို့လူထုကို ရေပေးဝေနိုင်ရန်အတွက် ထရန်စဖော်မာနှင့်ဓာတ်အားလိုင်းများအပါအဝင် လုပ်ငန်းများကို ကုန်ကျငွေ ကျပ် ၁၇၄၅သိန်း အကုန်အကျခံ၍ တည်ဆောက်ထားပြီးဖြစ်သည်။ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့လူထုသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် မဟာစည်မြေအောက်ရေမှနေ၍ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်တွင်သုံးလက်မပိုက်လိုင်းပေ ၁၁၀၀၀၊ နှစ်လက်မပိုက်လိုင်း ပေ ၁၀၀၀ နှင့် လေးလက်မပိုက်လိုင်း ပေ၄၀၀၀တို့ကို ဆက်သွယ်ဖောက်လုပ်ပြီး ဂါလန်၃၀၀၀၀ ဆံ့ ရေလှောင်ကန်တစ်ကန်နှင့်ဂါလန်၂၀၀၀ဆံ့ အများသုံး အုတ်ရေကန် နှစ်လုံးကိုလည်း ကုန်ကျငွေကျပ် ၇၂ဒသမ၉၃ သန်း အကုန်အကျခံ၍ တည်ဆောက်ပေးထားသည်။ မဟာစည်မြေအောက်ရေပေးရေးမှအောင်ဇေယျာရပ်ကွက်အရှေ့ပိုင်းနယ်မြေ ၁၃နှင့်၁၄ရှိ အိမ်ခြေ ၄၀၀မှ လူဦးရေ ၂၀၀၀ တို့ကိုစမ်းသပ်ရေပေးဝေလျက်ရှိရာရေကောင်းရေသန့်များ ရရှိနေပြီဖြစ်သည်။ ရေအခက်အခဲဖြစ်နေသည့် ရပ်ကွက်များသို့လည်း သန့်ရှင်းသော သောက်သုံးရေများကို ရေကားရေစည်များဖြင့် ဖြန့်ဝေရန်စီစဉ်ထားသည်။

ရရှိနိုင်

ယခင်က သောက်သုံးရေ လုံလောက်စွာမရရှိသည့် ရန်မျိုးအောင် ရပ်ကွက်တွင်လည်း ယခုအချိန်၌ သောက်သုံးရေ ဖူလုံစွာရရှိနေပြီဖြစ်သည့်အပြင် ရေရရှိမှုအခက်အခဲ ကြုံတွေ့နေရသည့် ပြည်သူများကိုလည်း ကိုယ်ပိုင်ရေတိုင်များ တိုးချဲ့တပ်ဆင်ပေးခြင်း၊ အများသုံးရေကန်များ တိုးချဲ့တည်ဆောက်ပေးခြင်း၊ ရေပိုက်လိုင်းများ ပြုပြင်လဲလှယ်ခြင်း၊ အမြဲမပြတ် ကွင်းဆင်းစစ်ဆေး၍ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ပြုပြင်ပေးခြင်းကြောင့် မိတ္ထီလာ မြို့သူမြို့သားများအနေဖြင့် သန့်ရှင်းသော သောက်သုံးရေကို လွယ်လင့်တကူ ရရှိနိုင်တော့မည် ဖြစ်သည်။ ။

သတင်းမှတ်စု-တင်လှိုင်(မိတ္ထီလာ)

ရန်ကုန်တိုင်း သာကေတမြို့နယ် ၇ရပ်ကွက် မိုးကုတ်ဝိပဿနာ သုညတမေ္မ ကျောင်းတိုက်အတွင်း မဂ္ဂဓမ္မ လေးထပ်ကျောင်းအတွက် မတည်အလှူရှင် သာကေတမြို့နယ် ဦးချစ်ဆောင်-ဒေါ်မြဟန်မိသားစုက အလှူငွေကျပ် တစ်သိန်းကို သုညတမေ္မ ဆရာတော် ဦးစန္ဒသေနထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကြေးပိဋကတ်တော်ပြုလုပ်ရန် အလှူငွေများ လှူဒါန်း

ရန်ကုန် မတ် ၁၆

အဘိဓမ္မာပိဋကဝင် ပဋ္ဌာန်းပါဠိတော်ကျမ်းအတွက် ကြေးပြားများကို ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဗဟန်းကိုယ့်မင်းကိုယ့်ချင်းလမ်း မင်္ဂလာတိုက်ကျောင်း ပဓာနနာယက ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံ လှည်းကူးမြို့ ပြည်တော်သာရပ်ကွက် အရှေ့မင်းလမ်းနေ ဗိုလ်မှူးဘမြင့်-ဒေါ်ခင်ညွန့်က ကြေးပြား ၁၀ချပ်၊ ဗိုလ်တထောင်ဈေးလမ်း တိုက်၆၉ အခန်း၅၀၃နေ ဦးစံရွှေမောင်-ဒေါ်သူဇာနုတို့က ကြေးပြားငါးချပ်၊ လှိုင်မြို့နယ် ခပေါင်းအိမ်ရာ တိုက်(၅) အခန်း၁၀၂နေ ဒေါ်တင်တင်မြင့် မိသားစုက ကြေးပြားငါးချပ်၊ တာမွေမြို့နယ် မအူကုန်းလမ်းကျယ် အမှတ်(၅၁)နေ ဒေါ်နုနုက ကြေးပြားသုံးချပ်၊ ကမာရွတ် လှည်းတန်း ၇လမ်း အမှတ်(၅)နေ ဦးထွန်းရှိန်-ဒေါ်မေစီ၊ သား မောင်ထွန်းသူရက ကြေးပြားနှစ်ချပ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၃၃ရပ်ကွက် စိန်ပန်းမြိုင် ၁လမ်း အမှတ်၃၃နေ ဦးအုန်းကျော်-ဒေါ်မြင့်မြင့်ကြည်မိသားစုက ကြေးပြားနှစ်ချပ်၊ စမ်းချောင်း မအူပင်လမ်း အမှတ်(၄၄)နေ ဒေါက်တာချောင်ဒရီအားရည်စူး၍ သားသမီး၊ မြေးတစ်စုက ကြေးပြားတစ်ချပ်၊ သဃ်ာန်းကျွန်း လေးဒေါင့်ကန်ရပ်ကွက် ရိပ်သာလမ်း အမှတ်၁၂၇နေ ဦးတင်မြင့်-ဒေါ်ရှမ်းမိသားစုက ကြေးပြားတစ်ချပ်၊ ဗဟန်း ရွှေဂုံပလာဇာ အမှတ်(င-၃၀၂)နေ မောင်ညီမင်းသန့်နှင့် မောင်သီဟအောင်ဆက်တို့က ကြေးပြားတစ်ချပ်၊ ပတ္တမြားမြို့သစ် နီလာလမ်း အမှတ်(၅)နေ ဒေါ်ကင်ငုတ်မိသားစုက ကြေးပြားတစ်ချပ်၊ ရွှေပြည်သာ(၃၂)ရပ်ကွက် ယင်းမာလမ်း အမှတ်(၁၁၂၆)နေ ဦးဝင်းကြိုင်-ဒေါ်ခင်ထားဆွေမိသားစုက ကြေးပြားတစ်ချပ်၊ ဒုတိယဗိုလ်မှူးကြီးစိုးမြင့်-ဒေါ်နွယ်နီဝင်း၊သမီး မစိုးစန္ဒာနွယ်(ခ)မဆုပွင့်မွန်ထက်က ကြေးပြားတစ်ချပ်၊ မြောက်ဥက္ကလာပ ဝေပုလ္လ(၁)လမ်း အမှတ်၂၉(ဃ)နေ ဦးတင်အောင်-ဒေါ်သန်းသန်းတို့ကကြေးပြားတစ်ချပ်၊ အလုံ အောက်ကြည့်မြင်တိုင်လမ်း အမှတ်(၃၆၇)နေ ကျေးဇူးရှင်ဖခင်ကြီး ဦးနိုင်အောင်သိန်းအားရည်စူး၍ မိလေးစိန်မိသားစုက ကြေးပြားတစ်ချပ်၊ ရန်ကင်း(၅)ရပ်ကွက် ရန်ရှင်းလမ်း အမှတ်(၃၄၃-၂၀)နေ ဦးထွန်းရွှေ-ဒေါ်လှအေးတို့အားအမှူးထား၍ သား ဦးစန်းလွင်-ဒေါ်စောယုမြင့်၊ မြေး မောင်ထူးဇင်မိုး၊ မောင်ထူးလွင်တိုးမိသားစုက ကြေးပြားတစ်ချပ်၊ မသိမ့်သိမ့်(မဟာသိပ္ပံနောက်ဆုံးနှစ်၊ ရန်ကုန်တက္ကသိုလ်)က ကြေးပြားတစ်ချပ်၊ အရှေ့ရန်ကင်း တိုက်၂၈၂အခန်း ၄နေ အဘိုးအဘွားများနှင့် အဖဦးအောင်သာနီ-အစ်မဒေါ်မစောသာတို့အား ရည်စူး၍ သား ဦးအောင်ရွှေဦး-ဒေါ်နီနီမိသားစုကကြေးပြားတစ်ချပ်၊ အဘိုးအဘွားများနှင့် အဖဦးအောင်လှ-အမိဒေါ်လှသင်(ရွှေဘို)တို့အားရည်စူး၍ ဦးအောင်ရွှေဦး-ဒေါ်နီနီ(သမီး)မိသားစု ကြေးပြားတစ်ချပ်၊ အဖဦးအောင်ရွှေဦး-အမိဒေါ်နီနီတို့အားအမှူးထား၍ သမီး ဒေါ်မူမူအောင်က ကြေးပြားတစ်ချပ်၊ အဘိုးအဘွားများနှင့် ဦးအောင်ရွှေဦး-အမိ ဒေါ်နီနီတို့အား အမှူးထား၍ သမီးဒေါ်ဆင့်ဆင့်အောင်က ကြေးပြားတစ်ချပ် အသီးသီးလာရောက်လှူဒါန်းကြကြောင်း သိရသည်။ (က-ပ)

ကလောမြို့နယ် အောင်ပန်းမြို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးဝင်းခေါင်းဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင် ကာကွယ်ထားရှိမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဖေဖော်ဝါရီ ၂၄ ရက်က မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးဆိုင်အမှတ် (ဝ၇၄ဝ)တွင် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ပုံများကိုလည်း လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြစဉ်။ (က-ပ)

မြို့နယ်သတင်းများ

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ကွာရီရွာသစ်ကျေးရွာ စက်ရေတွင်းအား မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အောင်ဝင်းနှင့် အမှုဆောင်အရာရှိ ဦးတင်မောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြို့ပတ်လမ်း ကတ္တရာခင်း

ဖျာပုံ မတ် ၅

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မြို့ပတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကိုမြို့နယ် ဥက္ကဋ္ဌ ဦးမျိုးမြင့်ဇော်၊ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၂၈ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးကျော်ခိုင် ရှင်းလင်းတင်ပြခဲ့သည်။

(အောက်ပုံ) (၁၃၇)

လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် အိုင်တို-အိုင်သပြုလမ်း ၁မိုင်၂ဖာလုံ ကျောက်ဖြည့်ခင်းခြင်းလုပ်ငန်းမှ ရှစ်ဖာလုံ လမ်းခင်းပြီးစီးမှုနှင့် ကျန်နှစ်ဖာလုံအားလုပ်ငန်းဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁၁ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်သန်း ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၃) ဦးအောင်နိုင်ဝင်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဘဝအားမာန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

နောင်တရား ဖေဖော်ဝါရီ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) နောင်တရားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ပေါ့အင်ကျေးရွာအုပ်စု ဆောင်းပေါင်ကျေးရွာကိုယ့်အားကိုယ်ကိုး ဘဝအားမာန် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကိုဇန်နဝါရီ ၁၉ရက်က ယင်းအဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမေနီ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် ပေါ့အင်ကျေးရွာအုပ်စု ရပ်ကွက်ဥက္ကဋ္ဌ ဦးခွန်ထွန်းရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဘဝအားမာန် စာကြည့်တိုက် အဆောက်အအုံသည် အလျား ၂၇ပေ၊ အနံ ၁၈ပေ၊ အမြင့် ၂၁ပေရှိပြီး သွပ်မိုး၊ အုတ်ကာ၊ ပျဉ်ခင်း နှစ်ထပ်တိုက်ဖြစ်သည်။ ကိုယ့်အားကိုယ်ကိုး စနစ်ဖြင့် ဆောက်လုပ်ခဲ့ရာ ငွေကျပ်သိန်း ၄၀ကျော် ကုန်ကျခဲ့ကြောင်း သိရသည်။

(၃၆၉)

အမြန်ရောင်းမည်

ဇဝနကွန်ဒို၊ စီးတီးမတ်အပေါ်ထပ်၊ သဃ်န်းကျွန်း၊ ရေ၊ မီး (၂၄)နာရီ၊ အထူးမီးလိုင်းရှိ၊ ဓာတ်လှေကား နှစ်စင်း၊မီးစက်နှစ်လုံး၊1200 sq ft၊ ညှိနှိုင်းဈေး၊

ဖုန်း-၇၂၂၀၁၀၀၉-၉၀-၄၂၆၀၈။











ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဘုတလင်မြို့နယ်တရားမရုံး၌
၂၀၀၇ ခုနှစ် တရားမကြီးအမှုအမှတ်-၁၁

ဒေါ်ခင်သင်းကြည် **နှင့်** ဦးသန်းဦး (ဥပဒေအရာရှိ၊ငြိမ်း)
ဒုတိယမြို့နယ်ဥပဒေအရာရှိ၊ ဘုတလင်မြို့
(ယခုဦးစီးအရာရှိ ရှေ့နေချုပ်ရုံး၊ နေပြည်တော်)

တရားလို **တရားခံ**

မြို့မရပ်၊ မိုးညှိမြို့ သာယာဝတီခရိုင်နေ ဦးသန်းဦး (မြို့နယ်ဥပဒေအရာရှိ၊ငြိမ်း) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၀၈ခုနှစ် မတ်၂၈ရက် မွန်းမတည့်မီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၈ ခုနှစ် မတ် ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်အေးမြသိင်္ဂီ (LL.B)
မြို့နယ်တရားသူကြီး
ဘုတလင်မြို့နယ်တရားရုံး။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
ပေါင်မြို့နယ်တရားရုံးတော်၌
၂၀၀၈ ခုနှစ် တရားမကြီးအမှုအမှတ်-၂

ဦးကျော်မြင့်	**နှင့်**	၁။ ဦးလွန်းတင်	၆။ ဒေါ်သန်းမြင့်	၁၁။ မစုစုဝင်း
		၂။ ဒေါ်ခင်ရီ	၇။ ဒေါ်ကြည်ညွန့်	၁၂။ ဒေါ်လှမြင့်
		၃။ ဒေါ်ရင်ကြည်	၈။ ဦးလေးမြင့်	၁၃။ ဦးအောင်မိုး
		၄။ ဒေါ်ကောက်	၉။ ဒေါ်တင်ကြည်	၁၄။ ဦးသားပု
		၅။ မဌေးဌေးကြည်	၁၀။ မခိုင်ခိုင်ဝင်း	

တရားလို **တရားပြိုင်များ**

မွန်ပြည်နယ် ပေါင်မြို့ ကျခတ်ငူလက်ပံနေ ဒေါ်သန်းမြင့်၊ဦးလေးမြင့်၊အလုပ်ရွာနေ မခိုင်ခိုင်ဝင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်တို့အပေါ်၌ ဦးကျော်မြင့်က အမွေပုံစီမံခန့်ခွဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၈ခုနှစ် မတ်၂၅ရက် (၁၃၆၉ခုနှစ် တပေါင်းလပြည့်ကျော်၄ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၈ ခုနှစ် မတ် ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

သရဖီအောင်
ဒုတိယမြို့နယ်တရားသူကြီး(၂)၊ ပေါင်မြို့နယ်တရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်-၄၀၄(အမ်)

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဦးဝင်းဆင့်
မိတ္ထီလာမြို့။ ၂။ ဒေါ်နီနီ

တရားနိုင် **တရားရှုံးများ**

၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ်-၃၅၀တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ခုနှစ် ဧပြီ ၂၄ ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တန်ခူးလပြည့်ကျော်၄ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့ ရတနာမာန်အောင်ရပ်ကွက်ရှိ အကွက်အမှတ် (ဂ/က-ရတနာမာန်အောင်ရပ်)၊ ဦးပိုင်အမှတ် ၅၈ မြေကွက်အမှတ်၆၈ မြေချိန်ဇရိယာ ဝ.ဒသမဝ၄၃ ဧကရှိ မြေ၊ ၎င်းမြေပေါ်တွင် လုံးနေနှစ်ထပ်တိုက်၊ (၄၅x၃၈)ပေသွပ်မိုး၊ အုတ်ကာ ၁၄လက်မအုတ်ထူအပေါ်လျှာထိုးခင်း၊ အောက်ကွန်ကရစ်ခင်းဧည့်ခန်း၊ မီးဖိုချောင်၊ ကားဂိုဒေါင်၊ မြေအောက်ခန်း၊ ရေချိုးကန်၊ ရေကန်သုံးလုံး၊ အုတ်တံတိုင်း၊ သံပန်းတံခါး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၄၅၀။

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များ အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် မတ် ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြင့်သိန်း
တွဲဖက်တိုင်းတရားသူကြီး (၂)
မန္တလေးတိုင်းတရားရုံး။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၄၁၆၆၇ Honda C-90 Dynamic ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော်ဝင်း မှတ်ပုံတင်အမှတ် ၉/မရတ(နိုင်)၀၅၇၄၄၉က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့။**

အမည်ပြောင်း

ကယားပြည်နယ် လွိုင်ကော် မြို့နေ အဖ ဦးဆလိုင်းစိန်မြ၏သမီး မစန်းတင်ဆေးဝင်း ၂/လကန(နိုင်) ၀၇၇၉၂၉ အား ယနေ့မှစ၍ မဆူးဆူးညားဟု ပြောင်းလဲခေါ်ပါရန်။ **မဆူးဆူးညား။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၃၉၈၅ Jialing, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်မြတ်ထွေး မှတ်ပုံတင်အမှတ် ၉/မရမ (နိုင်)၀၀၄၆၄၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့် ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေး မြောက်ပိုင်း)
မန္တလေးမြို့။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်မျိုးမြင့်အောင်(ခ)ကိုမျိုး(တောင်တွင်းကြီး)သည် မိဘဆွေမျိုးများ၏ ဆိုဆုံးမမှုကို အကြိမ်ကြိမ် နာခံမှုမရှိပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ)

ဒေါ်စိန်တုပ်
၈/တတက(နိုင်)၁၁၆၄၅၇။

မီး
သတိပြု

ပဲခူး ရန်အောင်မြေစေတီတော် ထီးတော်တင်ပွဲ ကျင်းပမည်



ပဲခူး မတ် ၁၄

ပဲခူးမြို့ ရှင်စောပုရပ်ကွက် ၂၄လမ်း၊ ထီးချိုင့်ဓမ္မရိပ်သာကျောင်းတိုက်အတွင်း၌ ရှေးဆရာတော်ကြီးများ အဆက်ဆက် တည်ထားကိုးကွယ်ခဲ့သော ရန်အောင်မြေစေတီတော်မြတ်**(ဝဲပုံ)**နှင့် အရံစေတီငယ်များ၊ ကမ္ဘာလုံးစေတီများ သဘာဝဘေးအန္တရာယ်များကြောင့် ယိုယွင်းပျက်စီးနေပါသဖြင့် ယခုလက်ရှိ သီတင်းသုံး ကျောင်းထိုင်လျက်ရှိသော ဆရာတော်ဘဒ္ဒန္တ တိဏ္ဏဝရနှင့်တပည့်ဒါယကာ ဒါယိကာမများက တစ်ဖန်ပြုပြင်မွမ်းမံပြီးစီးပါ၍ ထီးတော်တင်ပွဲနှင့် အကြိုဓမ္မသဘင်ပွဲကြီးကို တပေါင်းလပြည့်ကျော် ၉ရက်မှစ၍ လေးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

နဂါးရုံရုပ်ပွားတော်မြတ်နှင့် ဂန္ဓကုဋိကျောင်းဆောင်တော် မဟာရံတံတိုင်းများ ပြုပြင်ရန်ကျန်ရှိနေပါသဖြင့် ရပ်ဝေးရပ်နီးမှ သဒ္ဓါကြည်လင် ပါရမီရှင်အပေါင်း လာရောက်ဖူးမြော်ကြည်ညိုကုသိုလ်ယူနိုင်ကြောင်း သိရသည်။ **(၁၆၇)**

မကွေး ဖေဖော်ဝါရီ ၂၈

မကွေးတိုင်း ချောက်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၀ရက်က အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေးလုပ်ငန်းစီမံချက် ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွှန့်က သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေး လုပ်ငန်းစီမံချက်ကိုရှင်းလင်းဆွေးနွေးပြီး အဘိုးအဘွား ၄၂ဦးအား မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက တစ်ဦးလျှင် ငွေကျပ် ၅၀၀၀နှုန်း၊ မကွေးတိုင်း၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့က အားဆေး၊ ဆန်၊ ဆီ၊ ကုလားပဲ၊ ကွေကာအုပ်၊ မာမီးခေါက်ဆွဲများကို တစ်ဦးချင်းထောက်ပံ့ခဲ့ရာ အခမ်းအနားသို့ တက်ရောက်နိုင်ခြင်းမရှိသူ အဘွားတစ်ဦးအား အိမ်တိုင်ရာရောက် သွားရောက် ထောက်ပံ့ပေးကြသည်။

(အပေါ်ယာပုံ) (မြို့နယ် ပြန်/ဆက်)

အိမ်တိုင်ရာရောက်သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်

ကြို့ပင်ကောက်၌ တွဲဖက်အထက်တန်းကျောင်းဖွင့်

ကြို့ပင်ကောက် မတ် ၁၀

ပဲခူးတိုင်း(အနောက်ပိုင်း)ကြို့ပင်ကောက်မြို့နယ် လှေတုန်းအုပ်စု လှေတုန်းရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ရက်က ကျင်းပသည်။

ဖွင့်လှစ်

ထို့နောက်ပဲခူးတိုင်း(အနောက်ပိုင်း) လက်ထောက် တိုင်းပညာရေးမှူး ဦးဝင်းမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစံဝင်းနှင့် ကျောင်းအကျိုးဆောင်ဥက္ကဋ္ဌ ဦးစန်းလင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(ယာပုံ)

စီကောက်ပင်ရွာ ဦးဝမ်းမြင့် အလှူငွေကျပ် ၁၀သိန်း အပါအဝင် ကျေးရွာပြည်သူများက ကျောင်းဆောက်လုပ်ရေးအတွက် အလှူငွေကျပ်၂၃၇၀၀၀၀ နှင့် ရာသက်ပန် ပဒေသာပင်ငွေကျပ် ၁၃၂၀၀၀၀တို့ကို အသီးသီးပေးအပ်လှူဒါန်းကြသည်။ ထို့အပြင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ဦးလှဝင်း (လှဝင်း-ကြို့ပင်ကောက်)က ကျောင်းစာကြည့်တိုက်အတွက် ဂျာနယ်မျိုးစုံ အစောင်၅၀နှင့် ကာလတန်ဖိုးငွေကျပ် တစ်သောင်းကို ထပ်မံလှူဒါန်းခဲ့ကြသည်။ **(၀၄၀)**

မန္တလေး၌ မီးဘေးကာကွယ်ရေးအဖွဲ့များဖွဲ့စည်း

မန္တလေး မတ် ၉

မန္တလေးတိုင်း မီးဘေးလုံခြုံရေးစီမံချက်အရ တိုင်းမီးသတ်ဦးစီးဌာနက အဖွဲ့ငယ်များ ဖွဲ့စည်း တာဝန်ပေးအပ်သည်။

အဆိုပါအဖွဲ့တွင် မန္တလေးတိုင်း မီးသတ်ဦးစီးမှူး ဦးသန်းဝင်း ခေါင်းဆောင်သော ရှေ့တန်းကွပ်ကဲရေးအဖွဲ့၊ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးကျော်နိုင်မိုး ခေါင်းဆောင်သော မီးငြိမ်းသတ်ရေးအဖွဲ့၊ မဟာအောင်မြေမြို့နယ် တပ်ခွဲမှူး ဦးစန်းလွင် ခေါင်းဆောင်သော မီးသတ်ယာဉ်၊ စက်များနေရာချထားရေးနှင့် လုံခြုံရေးအဖွဲ့၊ တိုင်းဒုတိယဦးစီးမှူး ဦးထွန်းထွန်းစိုးခေါင်းဆောင်သော ရေရရှိရေးနှင့်မီးသတ်ယာဉ် ရေဖြည့်တင်းပေးရေးအဖွဲ့၊ ခရိုင် အရန်မီးသတ်ကြီးကြပ်ရေးအဖွဲ့ တပ်ခွဲမှူး ဦးကျော်လွင် ခေါင်းဆောင်သော ဆက်သွယ်ရေးနှင့် ကယ်ဆယ်ရေးအဖွဲ့၊ တိုင်းမီးသတ်ဦးစီးဌာန တပ်ကြပ်ကြီး ဦးကောင်းမြတ်နောင် ခေါင်းဆောင်သော သတင်းနှင့်မှတ်တမ်းအဖွဲ့၊ ခရိုင်အရန်မီးသတ် ကြီးကြပ်ရေးအဖွဲ့၊ ဒုတိယတပ်ခွဲမှူး ဦးအောင်ဝင်းနိုင် ခေါင်းဆောင်သော သောက်ရေ၊ ရိက္ခာနှင့် တပ်ဖွဲ့ဝင်များ သက်သာချောင်ချိရေးအဖွဲ့၊ တိုင်းမီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းအေး ခေါင်းဆောင်သော နောက်တန်းကွပ်ကဲရေး အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်။ **(၀၉၀)**

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ၂၀၀၈ ခုနှစ် မတ် ၁၆ ရက်တွင် (၁၁)ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခြင်းခံရသည့် မစ္စတာ ဝမ်ကြားပေါင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများ စုစည်းမြှင့်တင်ဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများ စုစည်းမြှင့်တင်ဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (ပို့ဆောင်ရေး)

နေပြည်တော် မတ် ၁၇

ပို့ဆောင်ရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများ စုစည်းမြှင့်တင်ဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များအသင်း၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များအဖွဲ့၊ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၊ *စာမျက်နှာ ၁၃ ကော်လံ ၄* ■

စိတ်လက်ရွှင်ကြည် ခေတ်မီသွင်ပြင် နေပြည်တော်တိရစ္ဆာန်ဥယျာဉ်

နေပြည်တော် မတ် ၁၇

သတင်းဆောင်းပါး - ညီညီထွန်း (သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း - ရန်ကင်းစိုးမင်း

မြန်မာနိုင်ငံသည် ရေမြေတောတောင် သဘာဝရှုခင်းများ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး များပြားလှသော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ရှိသည့် ဒေသများ၊ သာယာလှပသော ရေမြေတောတောင် သဘာဝ အထင်ကရနေရာများ၊ အပန်းဖြေ ကမ်းခြေများ၊ ပန်းပေါင်းစုံ ဖူးပွင့်ဝေဆာသော ဥယျာဉ်များ၊ လေ့လာဖွယ်ရာ သဘာဝပတ်ဝန်းကျင်နှင့် စိမ့်စမ်းရေတံခွန်ရှုခင်းများ အများအပြားတည်ရှိပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ထားနိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ✱

ကျားဖြူအထီး ဝမ်ဝမ့်နှင့် အမ ကျန်ကျိစုံတွဲကို ဤသို့တွေ့ရသည်။

ရှားပါးလှသော သားပိုက်ကောင်ကို ဤသို့တွေ့ရသည်။